## အပိုင်း (၃)
## CHURCH MATTERS
## အခန်း(၁၅)
## မြို့တော်အသင်းတော် (The City Church)

(Ekklesia) အသင်းတော်ဆိုတဲ့ စကားလုံးကို ဓမ္မသစ်မှာနည်းလမ်းအမျိုးမျိုးဖြင့် အသုံး ပြုခဲ့ပါသည်။ အများအားဖြင့် ဤအသုံးအနှုန်းများကို အမျိုးအစားနှစ်ခုဖြင့် ခွဲခြားထား ပါသည်။ တစ်ခုကဘာသာရေးယုံကြည်မှု လေ့လာသူ ပညာရှင်များတို့၏ အခေါ်အဝေါ်အရ စကြ်ာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော်ဟုခေါ်သည်။ အခြားတစ်ခုက ဒေသန္တရ အသင်းတော်ဟုခေါ်သည်။ စကြ်ာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော်ဆိုသည်မှာ ဤလောက၌အသက်ရှင်ခဲ့ဘူးသောယုံကြည်သူအားလုံးကိုခေါ်သည်။ ဒေသန္တရအသင်းတော်ဆို သည်မှာ သီးသန့်ဖြစ်သောနေရာဒေသတစ်ခုမှာ အသက်ရှင်လျက်ရှိနေသော ယုံကြည်သူများကို ခေါ်သည်။ တချို့က မြို့တော်အသင်းတော်သည် ဒေသန္တရအသင်းတော်၏ သင့်လျော်သော စကားအသုံးအနှုန်းဖြစ်သည်ဟု သင်ပေးကြသည်။ မြို့တော်အသင်းတော်ဆိုတာဘာလဲ။ မြို့တော်အသင်းတော်နှင့် အိမ်အသင်းတော်တို့သည် မည်ကဲ့သို့ဆက်စပ်နေကြသနည်း။ ဤမေးမြန်းခြင်းအဖြေရဘို့ရန်အတွက် စကြ်ာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော် အကြောင်းကို အရင်နားလည်ဘို့ရန်လိုအပ်သည်။

က။ တစ်ပါးတည်းသောစကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်ရာအသင်းတော်
(One Catholic (Universal) Church)

(၁)။ ကျမ်းစာကပြောဆိုချက်အရ ဒေသန္တရအသင်းတော်ရှိတစ်ဦးတစ်ယောက်ကို ရည်ညွှန်း ပြောဆိုခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကို ပိုင်ဆိုင်ရရှိသူ(ကောင်းကင်ဘုံ (သို့) မြေကြီးပေါ်ရှိ) ခေတ်ကာလအဆက်ဆက်နှင့် နေရာတိုင်းရှိယုံကြည်သူအားနှင့် တစ်စုတစ်ဖွဲ့လုံးနှင့်ဆိုင်သော ဘုရားသခင်၏ လူမျိုးကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ဥပမာညတစ်ရပ်အဖြစ် ခရစ်တော်က “ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းကိုမရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရ” ဟု ဆိုထားပါသည်(မဿဲ ၁၆း၁၈)။ ထိုအရာသည် အချို့သော ဒေသန္တရအသင်းတော်များသည် တည်ရှိခြင်းမှထွက်ပေါ်လာပြီဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ် သည်။ ဤသို့ ထာဝစဉ်တည်မြဲသောအသင်းတော်၏ ကတိပြုခြင်းသည် သီးသန့်ဖြစ်သော ဒေသန္တရအသင်းတော်အတွက်မဟုတ်ဘဲ တစ်ကမ္ဘာလုံးနှင့်ပတ်သက်သော ကတိပြုခြင်းဖြစ် သည်။

တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအသင်းတော်၏ အမှန်တကယ်ဖြစ်ခြင်းသည် ရောမ ၁၂း၅ မှာလည်း ရောင်ပြန်ဟပ်နေသည်။ ကျမ်းစာက “အများဖြစ်သောငါတို့သည် ခရစ်တော်၌တစ် ကိုယ်တည်းဖြစ်၍ အသီးအသီးအင်္ဂါဖြစ်ကြ၏” ဟုဆိုထားပါသည်။ ထို့နောက် ဧဖက် ၁း၂၂ မှာလည်း

ခမည်းတော်ဘုရားက သားတော်ယေရှုခရစ်တော်အား အသင်းတော်အတို့အလိုငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏" ဟုဖော်ပြထားပါသည်။ ကောလောသဲ ၁း၁၈ မှာလည်း "ခရစ်တော်သည် အသင်းတော်တည်းဟူသောကိုယ်၏ဦးခေါင်း ဖြစ်တော်မူ၏" ဟုရေးသားထားပါသည်။ ခရစ်တော်သည် ဦးခေါင်းဖြစ်၍ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သောအသင်းတော်သည် သူ၏ကိုယ်ခန္ဓာဖြစ်တော်မူ၏။ ခရစ်တော်၏ကိုယ်သည် တစ်ကိုယ်တည်းရှိသလို တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအသင်းတော်သည်လည်း တစ်ပါးတည်းသာ လျှင်ရှိ၏။ (အဘယ်ကြောင့်ဟူမူကား အချို့သောသူတို့သည် အမျိုးအစားတစ်ခုလုံးနှင့် ပတ်သက်သောစကားလုံးအသုံးအနှုန်းကို ပို၍နှစ်သက်ကာ တစ်ကမ္ဘာလုံးသက်ဆိုင်သောအသင်း တော်ကို အလွဲသုံးစားပြုကြသောကြောင့်ဖြစ်သည်။

၂။ ယုံကြည်သူအာလုံးပါဝင်သောစကြာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သောအသင်းတော်

ကောင်းကင်၌နာမည်စာရင်းသွင်းထားသမျှသောသူနှင့် သိုးသူငယ်၏အသက်စာစောင်၌ စာရင်းဝင်သမျှသောသူတို့ဖြစ်သည်(ဟေ ၁၂း၂၂–၂၃)။ သေခြင်းတရားသည် အထက်အရပ်ရှိ သန့်ရှင်းသူများနှင့် အောက်အရပ်ရှိမြေကြီးပေါ်ရှိ သန့်ရှင်းသူတို့ကို သီးသန့်ခွဲခြားကာ အကျွန်ုပ်တို့သည် အသင်းတော်တစ်ပါး လုပ်ဖော်ကိုင်ဖက် လူစုများဖြစ်ကြ၏။

၃။ မျက်နှာစုံညီတက်ရောက်သောအစည်းအဝေးကျင်းပခြင်းမရှိသောစကြာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော်

အရေအတွက်များစွာသော သင်းဝင်သူတို့သည် ဘုန်းတော်ဝင်စားခဲ့ကြပြီ။အရေအတွက် များစွာသော သူအချို့တို့မူကား မမွေးသေးပါ။ယနေ့မြေကြီးပေါ်မှာ အသက်ရှင်လျက်ရှိသော သူတို့သည် မြေကြီးလေးမျက်နှာသို့ ပြန့်လွင့်ကုန်ကြသည်။ယခုဘဝအဆုံးသတ်ပြီး နောက် နောင်တမလွန်ဘဝမှာ ပြန်လည်၍စုဝေးခြင်းရှိရလိမ့်မည်။ဤစုဝေးခြင်းအကြောင်းနှင့်ပတ်သက်၍ "နာမည်ခေါ်သောအခါ ငါရှိမည်ထိုအရပ်မှာ" ဟု ဓမ္မသီချင်းကလည်း စောင်းမြောင်းပြောဆိုခဲ့ ပါသည်။ထိုအကြောင်းအရာအလုံးစုံတို့သည် ဤလောကအတွေ့အကြုံနှင့်ခွဲခွါပြီးနောက် ဖြစ်ပျက်ရမည့်အရာများဖြစ်သည်။

၄။ အပြင်လောကီရေးနှင့်ဆိုင်သော အဖွဲ့အစည်းမရှိသော စကြာဝဠာတစ်ခုလုံးနှင့်သက်ဆိုင် သော အသင်းတော်

ခရစ်တော်၏နောက်လိုက်တပည့်တို့သည် ယေရုရှင်လင်အသင်းတော်ပျက်စီး၍ လူစုကွဲ လွင့်ပြန့်ကြပြီးနောက် ပြင်ပ၌အဖွဲ့အစည်းတည်ထောင်ကာ အတူတကွလုပ်ဆောင်ခဲ့ကြကြောင်း သမ္မာကျမ်းစာသက်သေ အထောက်အထားမရှိခဲ့ပါ။မြင်လို့ရသော လောကီရေးနှင့်သက်ဆိုင်သော လူ့အဖွဲ့အစည်းနှင့် အကြီးအမှူးပြုခြင်းများမဟုတ်ဘဲမြင်လို့ မရသောအသင်းတော်ဖြစ်သည်။

စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်သည် တယ်လီဖုန်းစာအုပ်ရှိလူနာ မည်စာရင်းများနှင့်လည်းနှိုင်းယှဉ်လို့ရသည်။ အမည်နှင့်လိပ်စာများအညွှန်းစာအုပ်၌ နာမည်များ စွာစာရင်းပြုစုထားသည်။ထိုသူအပေါင်းတို့သည် တယ်လီဖုန်းကိုယ်စီရှိကြသည်။ ထိုသူတို့သည် ဘယ်သူကဘာလဲဆိုတာ တယ်လီဖုန်းကိုလှည့်၍ ခေါ်သောသူများဖြစ်ကြသည်။ထိုသူတို့သည် အဖွဲ့အစည်းတစ်ခု၌ စာရင်းသွင်းပြီးအတူတကွလုပ်ဆောင်သောသူများမဟုတ်ပါ။ အလားတူ မြေကြီးပေါ်ရှိ စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်ဖြစ်၏။ယုံကြည်သူအသီးသီး တို့သည် သိုးသငယ်၏အသက်စာစောင်၌ စာရင်းဝင်သောသူများဖြစ်ကြသည်။ အသီးသီးတို့ သည် ခရစ်တော်ကိုလက်ခံရရှိကြသည်။သို့သော်လည်း ထိုသူတို့သည် လောကီရေးနှင့်သက် ဆိုင်သော လုပ်နည်းလုပ်ဟန်တစ်စုံတစ်ခု၌ အပြင်ပမ်းအားဖြင့် အတူတကွစည်းရုံးသူများ မဟုတ်ပါ။

၅။ စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်၏ အနှောင်အဖွဲ့သည်အတွင်းကျသော ချစ်ခြင်းမေတ္တာအနှောင်အဖွဲ့ဖြစ်သည်။

သဘာဝထက်လွန်ကဲသော မေတ္တာသည်လက်တွေ့ကျသော ရှင်းလင်းတင်ပြမှုရှိသည်။ ရှင်ပေါလုသည် ယေရုရှင်လင်အသင်းတော်၏ လိုအပ်ချက်များအတွက် ဝန်ထုပ်ဝန်ပိုးရှိပြီး ထို သူတို့ကို ကူညီမစဘို့ရောမနိုင်ငံတစ်လျှောက်လုံးမှ အလှူငွေများကို ယူသွားပေးသည်။အင်္ဂါတ ခုတည်းဆင်းရဲခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။အကျွန်ုပ်တို့သည် တူ ညီသောအသင်းတော်၌ နေကြသည်နှင့်အညီ မိသားစုဝင်ဖြစ်သော တရုတ်ညီအစ်ကိုမောင်နှမတို့ အား ပြုမူဆက်စံပုံအပေါ်၌ တလွဲတချော်ဖြစ်ခြင်းအတွက် စုံစမ်းရှာခံစားရသည်။ရောမ ၁၂း၅တွင် ကျမ်းစာက "အများဖြစ်သော ငါတို့သည်ခရစ်တော်၌ တကိုယ်တည်းဖြစ်၍ အသီးသီးအင်္ဂါခြင်း ဖြစ်ကြ၏" ဟုရေးသားထားသည်။၁ကော ၁၂း၂၆-၂၇ တွင် ကျမ်းစာက "သင်တို့သည် ခရစ် တော်၏ကိုယ်ဖြစ်ကြ၏။အသီးသီးအင်္ဂါတော်ဖြစ်ကြ၏။သို့ဖြစ်၍ အင်္ဂါတခုတည်းဆင်းရဲခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏" ဟုဆိုထားပါသည်။

၆။ သဘာဝထက်လွန်ကဲစွာ ပါရမီပါသော ခရစ်ယာန်ဘုန်းတော်ကြီးများရှိသော စကြ်ာဝဠာ တစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်

ဧဖက် ၄း၁၁-၁၂ တွင် ကျမ်းစာက "ထိုသခင်ခရစ်တော်သည် လူအချို့တို့ကို တမာန် တော်အရာ၌၎င်း၊ အချို့တို့ကိုပရောဖက်အရာ၌၎င်း၊ အချို့တို့ကိုသာသနာပြုအရာ၌၎င်း၊ အချို့ တို့ကို သင်းအုပ်ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏" ဟုဖော်ပြထားပါသည်။ထိုကဲ့သို့ ပါရမီပါ သော လူတို့သည်ဖွဲ့စည်းထားသော အသင်းတော်များနှင့်ဒေသန္တရ၏ သင်းဝင်သူများကဲ့သို့ သေချာပေါက်တွေ့မြင်နိုင်ပါသည်။သို့သော်လည်း ထိုသူတို့၏ဆုကျေးဇူးသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှဖြစ်ပြီး ထိုသူတို့၏ခေါ်ထားခြင်းသည် ဒေသန္တရ၏အသင်းတော်တစ်ခုအတွက် သာမဟုတ်ဘဲ

စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်အတွက်ဖြစ်သည်။ထိုသူတို့ သည် ဒေသတစ်ခုတွင်နေထိုင်ကာ လုပ်ဆောင်သူများဖြစ်သော်လည်း မကြာခဏတကမ္ဘာလုံးနှင့် သက်ဆိုင်သော ဝန်ထုပ်ဝန်ပိုးများရှိကြသည်။ဥပမာတစ်ရပ်အဖြစ် ပေါလု၊ဗာနဗာစ်နှင့်အာပေါလု တို့ဖြစ်ကြသည်။ John Wesley က "လောကကြီးကို ငါ့၏ဒေသန္တရအုပ်ချုပ်ရေးနယ်ပယ်ကဲ့သို့ ကြည့်၏" ဟုပြောသကဲ့သို့ ထိုသူတို့ (ခရစ်တော်ဘုန်းတော်ကြီးတို့)သည် အားလုံးကို ခြုံငုံ ၍ စဉ်းစားပြီးဒေသတစ်ခု၌ အလုပ်လုပ်သောသူများဖြစ်ကြသည်။

အတိုချုပ်အားဖြင့် ခရစ်တော်အားဖြင့်ကယ်တင်ခြင်းသို့ရောက်သော လုပ်ဖော်ကိုင်ဖက် ယုံကြည်သူအားလုံးကို စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်ဟုခေါ်သည်။တစ် စုတစ်ဖွဲ့လုံးနှင့်ဆိုင်သော ခရစ်တော်၌ရွေးနုတ်ကယ်တင်ခြင်းခံသူအားလုံးနှင့်ယုံကြည်ခြင်း၏ အိမ်သူအိမ်သားအားလုံးတို့ဖြစ်သည်။ယေရုရှလင်မြို့သစ်၏ နိုင်ငံသားများဖြစ်ကြသည်။Nicene ယုံကြည်သူမှု၌ "ငါတို့သည်သန့်ရှင်းသော စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်း တော်နှင့်တမာန်တော်အသင်းတော်ကို ယုံကြည်သည်" ဟု စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင် သော အသင်းတော်တည်ရှိကြောင်းဖော်ပြထားပါသည်။

## II. အရေအတွက်များစွာသော ဒေသန္တရအသင်းတော်များ (Many Local Churches)

သို့ရာတွင် ရှင်းလင်းပြတ်သတ်စွာ စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်း တော်တစ်ခုတည်းသာလျှင်ရှိပြီး၊ အမျိုးမျိုးအဖုံဖုံသော ဒေသများနယ်ပယ်တစ်လျှောက်လုံးတွင် အစိတ်အပိုင်းအများအပြားရှိသော အသင်းတော်များ(ဂလာတိ ၁း၂၊ ဗျာ ၁း၄) သို့မဟုတ် ခြား နားသော မြို့များတွင် အသင်းတော်အသီးသီးတည်ရှိကြောင်း (တ ၁၃း၁၊ ၁သက် ၁း၁) ဓမ္မသစ်ကျမ်းစာတွင် အတိအလင်းဖော်ပြထားပါသည်။အကယ်၍ ယုံကြည်သူအသင်းအဖွဲ့တို့ သည် ကွဲပြားခြားနားသော နစ်နေရာတွင်ဝတ်ပြုစည်းဝေးလုပ်ကြတယ်ဆိုရင် အသင်းတော်နစ် ပါးတည်ရှိကြောင်းကျမ်းစာက ရည်ညွှန်းပြောဆိုခဲ့ပါသည်။ဤအရာသည် အသင်းတော်စကား လုံး၏ အခြားအသုံးအနှုန်းဖြစ်သော ဒေသန္တရအသင်းတော်သို့ အကျွန်ုပ်တို့ကို ဦးဆောင်လမ်း ပြသောအရာဖြစ်သည်။သို့ဖြစ်၍ ဒေသန္တရအသင်းတော်သည် စကြ်ာဝဠာတစ်ခုလုံးနှင့်သက်ဆိုင် သော အသင်းတော်(၏(subset) ၎င်းတွင်ပါသည့် ပစ္စည်းအားလုံးသည် အခြားတစ်စုတွင် ပါရှိပြီးဖြစ်သော အစုံဖြစ်သည်။)တွင် ပါရှိပြီးရှိပြီးဖြစ်သော အသင်းတော်ဖြစ်သည်။

သခင်ယေရှုက "သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် (သို့) အပြစ်ကို လုပ်မိ ပြီးနောင်တရခြင်းအလို့ငှာ ငြင်းပယ်လျှင်သူ့အား မူလအခြေအနေတိုင်းပြန်ရောက်ရှိစေဘို့ အသင်းတော်အားကြားပြောလော့" (မဿဲ ၁၈း၁၇) ဟု ဆိုရာ၌ စကြ်ာဝဠာတစ်ခုလုံးနှင့်သက် ဆိုင်သော အသင်းတော်ကို ရည်ညွှန်း၍ပြောလိုခြင်းမဟုတ်ဘဲ အပြစ်သားတစ်ယောက်ကို အသင်းတော်မှ နှင်ထုတ်ပိုင်ခွင့်ရှိသော ပုံမှန်ဝတ်ပြုစည်းဝေးလုပ်သော

အသိအမှတ်ပြုသော သင်းအုပ်ဆရာများရှိသော အသင်းတော်နှင့်ဖွဲ့စည်းထားသော ဒေသန္တရအသင်းတော်ကို ရည် ညွှန်းပြောဆိုခြင်းဖြစ်သည်။ ဤအရာတို့သည် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်း တော်၌ မတွေ့ရှိရပါ။

Donald Guthrie က "တနေရာ၌ အတူတကွဝတ်ပြုစည်းဝေးလုပ်နေသော ဒေသတစ် ခုတွင် အတူနေထိုင်သူယုံကြည်သူတို့သည် အစကနဦးအသင်းတော်၏ စိတ်ကူးအမြင်ဖြစ် သည်။ဓမ္မသစ်၌ရှိသော အတူနေထိုင်သူလူစု၏ အရေးကြီးခြင်းစိတ်ကူးအမြင်ကို အပေါ်စီးဖိနှိပ် ၍မရပါ။" ဟုရေးသားထားပါသည်။ "New Bible Dictimary" စာအုပ်တစ်အုပ်က "Ekkleria ဆိုသည်မှာ စုဝေးတွေ့ဆုံခြင်း (သို့) စုဝေးထားသည့်လူစု" ဟု အဓိပ္ပါယ်ရှိသည်။အသင်းတော် သည် ဘုရားသခင်၏လူများနှင့်အဓိပ္ပါယ်တူစကားလုံး မဟုတ်ဘဲ၊ဘုရားသခင့်လူတို့၏ တက် ကြွလှုပ်ရှားခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။ရှေးအခါက လူတစ်ယောက်က စောင်းချိတ်၍ ပြောသော စကားမှာ "ငှက်များပျံဝဲ ငါးများရေကူး အသင်းတော်များစုဝေးတွေ့ဆုံသည်" ဟု ပြောဆို၏။ "စုဝေးတွေ့ဆုံခြင်းမရှိလျှင် ဒေသန္တရအသင်းတော်မဖြစ်နိုင်ရာ" ဟူသော စကား သည် စိတ်ကူးအမြင်ဖြစ်သည်။

ဒေသန္တရအသင်းတော်၏ သင့်လျော်သောရှင်းလင်းတင်ပြချက်က ဘာလဲ။အိမ်အသင်း တော်လား။မြို့တော်အသင်းတော်လား။

## ၁။ ကျယ်သောမြို့တော်ဒေသန္တရအသင်းတော် (The City-Wide Local Church).

လူတချို့တို့က ဒေသန္တရအသင်းတော်၏ သင့်လျော်သောရှင်းလင်းတင်ပြခြင်းသည် အစိတ်အပိုင်းအများအပြားရှိသော အိမ်၌စီးပွားရေးလူမှုရေးအရ သတင်းဖလှယ်ခြင်းဖြင့် ဆက် သွယ်မိကြသော လူထု၊ အတူတကွမိတ်သဟာယဖွဲ့ခြင်းနှင့်ထိုယုံကြည်သူအားလုံးတို့သည် အဖွဲ့လိုက်အတူတကွ စုဝေးတွေ့ဆုံခြင်းအားဖြင့် စီစဉ်ဖွဲ့စည်ထားသော မြို့တော်အသင်းတော် ဖြစ်သည်ဟု စွဲကိုင်ထားကြသည်။မြို့တော်အသင်းတော်က မြို့တစ်မြို့မှာဖွဲ့စည်းထားသော အသင်းတော်တစ်ပါးတည်းသာလျှင် ရှိကြောင်းအခြေအတင်ငြင်းခုံကာ ထောက်ခံပြောဆိုခဲ့ပါ သည်။ဆက်လက်ပြီး ယုံကြည်သူအားလုံးတို့သည် မြို့တဟ်မြို့မှာ ဝတ်ပြုစည်းဝေးများတက် ရောက်နိုင်ရေးအတွက် ထိုမြို့တော်က အသင်းတော်သည် ပုံမှန်စုဝေးတွေ့ဆုံခြင်းပြုလုပ်သင့် သည်ဟု ပြန်လည်၍ ငြင်းခုံပြောဆိုခဲ့ပါသည်။

နောက်ဆုံးအနေနှင့်အိမ်အသင်းတော်များဟု ဆိုရာ၌အနီးအနားမိတ်သဟာယဖွဲ့ခြင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တဝက်တပိုင်းရှိသော သေးငယ်သော အသင်းတော်များနှင့်တူ ပြီး မိခင်အသင်းတော်တည်းဟူသော မြို့တော်အသင်းတော်ထံသြဇာခံသော အသင်းအဖွဲ့အား လုံးကို ခေါ်သည်။လက်တွေ့အားဖြင့် ကလေးသူငယ်မြောက်များစွာရှိသော ကြီးမားသောနှစ် ခြင်းအသင်းတော်က တနင်္ဂနွေဥပုသ်စာဖြေကလေးသူငယ်တို့အား အတန်းလိုက်ခွဲပြီး သင်ပေး ခြင်းနှင့်ခြားနားခြင်းအလျှင်းမရှိချေ။ တစုံတရာသောမြို့၌ ပါဝင်မိတ်သဟာယဖွဲ့ခြင်းမရှိလျှင် အိမ်အသင်းတော်လည်းမဟုတ်၊ နှစ်ခြင်းအသင်းတော်များလည်းမဟုတ်၊ ဖရက်စ်ဘန်တီးရီယား အသင်းတော်လည်းမဟုတ်၊ ပင်တိကောစ်တာအစည်းအဝေးများလည်းမဟုတ်၊ ကိုယ်ပိုင်အုပ်ခွင့်

ရှိသော အသင်းအဖွဲ့ဟု မှတ်ယူရသည်။ အသင်းအဖွဲ့အားလုံးတို့သည် ပို၍ကြီးမားသောမြို့ တော်အသင်းတော်တစ်ခု၏ ထီးအောက်မှာအတူတကွ ပေါင်းစည်းမှုရှိရမည်။မြို့တော်အသင်း တော်၌ စုဝေးတွေ့ဆုံခြင်းသည် အိမ်အသင်းတော်များမဟုတ်ဘဲ ၁ကေား၁၄ရှိ ပါဝင်ဆောင် ရွက်သော စုဝေးခြင်းအတွက် သင့်လျော်သောပြိုင်ပွဲ အစည်းအဝေးပြဇာတ်တိုပြုလုပ်သည့်နေရာ ဖြစ်သည်ဟု ပြောဆိုရသည်။မြို့တော်အသင်းတော်စုဝေးခြင်းသည် ပွဲတော်မင်္ဂလာသုံးဆောင် (သို့) ကျင်းပဘို့အတွက်စစ်မှန်သော ပြည့်သူ့ဟစ်တိုင် (နှီးနှောဖလှယ်ပွဲ)ဟု ထင်မှတ်ရသည်။ မြို့တော်အသင်းတော်သာလျှင် ပြစ်မှားနေသောအသင်းသူ/သားညီအစ်ကိုမောင်နှမတို့အား ပြစ် ဒဏ်ပေး၊ တရားစီရင်ပိုင်ခွင့်ရှိသည်။အကယ်၍ ဖွဲ့စည်းထားသော မြို့တော်အသင်းတော်၏ ဆင်ခြင်တွေးတောယူဆချက်သဘောထားသည် မှန်ကန်တယ်ဆိုရင် အဘယ်ကြောင့် ထိုအရာ တို့သည် တည်ရှိသင့်သလဲ။ (သို့) စုဝေးနေသောအချိန်တွင် လုပ်ရမည့်အရာများကဘာလဲဟု ဆိုပြီး ထိုဟာကအိမ်အသင်းတော်အသီးသီးနှင့်တကွ သမ္မာကျမ်းစာလမ်းညွှန်းချက်နှင့် မကိုက် ညီသော အရာဟူသမျှကို မေ့လျော့ကျန်ခဲ့ရမည်။

ဖွဲ့စည်းထားသော မြို့တော်အသင်းတော်နှင့်ပတ်သက်၍ သူတို့၏ယုံကြည်မှုသည် မည် သည့်အရာပေါ်မှာ အခြေခံသလဲ။ဓမ္မသစ်၌ သီးသန့်ဖြစ်သော မြို့တမြို့မှာအသင်းတော်တစ်ပါး တည်းသာလျှင်ရှိကြောင်း ဖော်ပြချက်သည်မြို့တော်အသင်းတော်အတွက် အခြေခံယုံကြည်မှုတစ်ခုဖြစ်သည်။ဥပမာတစ်ရပ်အဖြစ် ဗျာ၁း၄ မှာ "အာရှိပြည်၌ရှိသော အသင်းတော်များခုနှစ်ပါးဟု အများကိန်းကို အသုံးပြုခဲ့ပြီး၊ (ဗျာ ၂း၁–၈၊ ၁၂၊ ၁၈) ဤကျမ်းပိုဒ်များတို့တွင် ဧဖက်မြို့ ခုနှစ်မြို့ရှိအသင်းတော်အသီးသီး (ခုနှစ်ပါး)ဟု (အနည်းကိန်း)ကို အသုံးပြုကာ ရေးသားထား ပါသည်။ကျယ်သော မြို့တော်အသင်းတော်မီးထဲသို့ လောင်စာဆီထပ်မံပြည့်စွတ်ထားခြင်းသည် ဓမ္မသစ်ကျမ်းတွင် တူညီသောမြို့တမြို့ရှိအသင်းတော်များထံသို့ဟု ဘယ်တော့မှတိကျစွာ ရည် ညွှန်းပြောဆိုထားခြင်းမရှိကြောင်း ပြောလိုခြင်းဖြစ်သည်။ကောရိန္သုမြို့၏ အခြေအနေသည် ခေတ်မီသောမြို့တော်အသင်းတော်၏ အကောင်းဆုံးအရည်အသွေးရှိသော ဥပမာကဲ့သို့ကိုယ်စား ပြုခဲ့ပါသည်။

## ကောရိန္သုမြို့ရှိအမှုကိစ္စဖြစ်ရပ် (The Case In Corinth)

### ၁။ ကြိုဆိုနှုတ်ဆက်ခြင်း (The Greeting)

၁ကော ၁း၂ တွင် "ကောရိန္သုမြို့၌ရှိသော ဘုရားသခင်၏အသင်းတော်" ဟု နှုတ် ခွန်းဆက်စကားဖော်ပြထားပါသည်။ဤကြိုဆိုနှုတ်ဆက်ခြင်းက ကောရိန္သုမြို့မှာ အသင်းတော် မြောက်များစွာမရှိဘဲ တစ်ပါးတည်းသာလျှင် တည်ရှိကြောင်းအကြံပေးသိစေပါသည်။မြို့တော် အသင်းတော်၏ ဆင်ခြင်တွေးတော်ယူဆချက်က မြို့တမြို့မှာအသင်းတော်တစ်ပါးသာလျှင် ရှိရ မည်အကြောင်းနှင့်စည်းဝေးတွေ့ဆုံခြင်း ဦးစီးဦးဆောင်သူများနှင့်ကိုယ်ပိုင်အုပ်ချုပ်မှုနှင့်အတူ ဖွဲ့ စည်းထားကြောင်းဆွဲကိုင်ထားပါသည်။

## ၂။ အသင်းတော်စည်းကမ်း (Church Discipline).

ၥကော ၅း၄–၅ ထဲမှာ ရှင်ပေါလုက စည်းကမ်းကြပ်မတ်ရန် လိုအပ်နေသူကိုယ်ကျင့် တရားမကောင်းသော ညီအစ်ကိုနှင့်ဆက်ဆံပြောဆိုကြောင်း ဖော်ပြထားပါတယ်။စီရင်ချက်ဟူမူ ကား သင်တို့သည် သခင်ခရစ်တော်၏နာမတော်၌ စည်းဝေးသောအခါ ငါသည်ဝိညာဉ်အား ဖြင့် သင်တို့နှင့်မကွာဘဲ ခရစ်တော်၏တန်ခိုးတော်သည် သင်တို့၌တည်၏။သူ့ကိုစာတန်လက် ထဲသို့ အပ်နှံကြစေဟု စီရင်၏။အကယ်၍ ကောရိန္သုမြို့၌အသင်းတော်တစ်ခုလုံးသည် အတူတ ကွစည်းဝေးကြတယ်ဆိုရင် ယုံကြည်သူအားလုံးတို့သည် တနေရာမှာဘဲ စုဝေးလျက်ရှိကြ ကြောင်း ရှင်ပေါလုကရှင်းလင်းစွာ ရေးသားထားပါသည်။

## ၃။ ပွဲတော်မင်္ဂလာ (The Lord's Supper).

ၥကော ၁၁း၂၂ စမှာ ကောရိန္သုမြို့တွင် ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ ဆဲရေးတိုင်း ထွာခြင်းအကြောင်း ထင်ရှားလျက်ရှိသည်။ထိုသူတို့ကြားမှာ လေးနက်စွာခွဲခြားခြင်းရှိ၏။ချမ်း သာသောသူတို့သည် ဆင်းရဲသားတို့နှင့်အတူ စားသောက်ခြင်းကို မပြုချင်ကြ။သို့ဖြစ်၍ စုဝေး တွေ့ဆုံရာနေရာသို့ စောစောစီးစီးရောက်ဘို့ရန် လျှို့ဝှက်ကြံစည်တတ်ကြသည်။ဆင်းရဲသားတို့ သည် အလုပ်လုပ်ပြီးမှ ထိုနေရာသို့ရောက်သောအခါ ချမ်းသာသောသူတို့သည် ညစာစားပြီး သွားကြပြီ။ထမင်းလည်း လုံးဝချန်မထားပေးကြပါ။အကယ်၍ ချမ်းသာသောသူနှင့်ဆင်းရဲသား အားလုံးတို့သည် တနေရာတွင်စည်းဝေးခြင်းနှင့် အသင်းတော်တစ်ခုမှာ အတူတကွတက်ရောက် ခြင်းမရှိဘူးဆိုရင် ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ ဤကဲ့သို့အလွဲသုံးစားပြုခြင်းရှိမှာ မဟုတ်ပါ။ ထိုသူတို့သည် ကောရိန္သုမြို့မှာ ပွဲတော်မင်္ဂလာသုံးဆောင်ဘို့အတွက် သီးသန့်သီးခြားဖြစ်သော နေရာမှာ စည်းဝေးကြမှာမဟုတ်ကြောင်းသေချာပါတယ်။ ချမ်းသာသောသူတို့က ဆင်းရဲသား တို့အားခြားနားသော အချိန်နာရီမှာစားသောက်ခြင်းကို ရှောင်ရှားပြီး၊ခြားနားသောနေရာမှာ စား သောက်ခြင်းကိုတော့ ရှောင်ရှားခြင်းမဟုတ်ပါ။

## ၄။ အစည်းအဝေးပါဝင်ဆင်နွှဲခြင်း (Participatory meeting).

အစည်းအဝေး၌ ပါဝင်ဆင်နွှဲခြင်းသည် မြို့တော်အသင်းတော်၌ စည်းဝေးခြင်းအဓိပ္ပါယ် သက်ရောက်စေသည်။ဥပမာတစ်ရပ်အဖြစ် ၥကော ၁၄း၂၃ တွင် "ထို့ကြောင့် သင်းဝင်သူ အပေါင်းတို့သည် စည်းဝေး၍အခြားသောဘာသာဖြင့် ဟောပြောလျက်နေကြစဉ်တွင် မယုံကြည် သောသူ မတတ်သောသူသည် ဝင်လာလျှင် သင်တို့ကိုသူရူးဖြစ်ကြသည်ဟု ပြောမည်မဟုတ် လော" ဟု ဖော်ပြထားပါသည်။ (NIV) (or) "သင်းဝင်သူအပေါင်းတို့သည် တစ်နေရာမှာ အတူ တကွစည်းဝေး၍ နေကြစဉ်တွင်" ဟုဖော်ပြထားပါသည်။ (KJV) .

## ၅။ မြို့တော်သင်းအုပ်ဆရာများ (Elders of the City)

အိမ်အသင်းတော်အသီးသီးမှာ သင်းအုပ်ဆရာထားစရာမလိုဘဲ၊ အားလုံးကိုယ်စားမြို့ တော်အသင်းတော်၌သာလျှင် သင်းအုပ်ဆရာထားဖို့လိုအပ်ကြောင်း ထောက်ခံပြောဆိုခဲ့ပါသည်။ စံနမူနာဖြစ်သော အိမ်အသင်းတော်က မည်ကဲ့သို့အစိတ်အပိုင်းအများအပြားရှိသော သင်းအုပ် ဆရာများကို အမှန်အတိုင်းမွေးထုတ်ပေးနိုင်မည်နည်း။မြို့တော်အသင်းတော်သင်းအုပ်ဆရာနှင့် ပတ်သက်၍ တိတု ၁း၅ တွင် “ငါသည် သင့်ကိုမှာထားခဲ့နှင့်သည်အတိုင်း ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ၊ ထိုကျွန်း၌သင့် ကို ငါထားခဲ့သတည်းဟု အမှတ်အသားပေးပါသည်။ ဤနေရာ၌ အိမ်အသင်းတော်အသီးသီး တို့အတွက် သင်းအုပ်ဆရာများခန့်အပ်ရန် အထက်အမိန့်မဟုတ်ဘဲ၊ မြို့တော်အသင်းတော် အသီးသီးတို့အားပြုစုစောင့်ရှောက်ပေးမယ့် သင်းအုပ်ဆရာတို့ကို ခန့်ထားစေခြင်းငှာ မိန့်မှာ ထားခြင်းဖြစ်ပါသည်။မြို့တော်အသင်းတော်တို့ကို ဦးဆောင်လမ်းပြစေခြင်းငှါ အုပ်ချုပ်သူခရစ် ယာန်ဘုန်းတော်ကြီးများနှင့် အသင်းတော်ဖခင်ကြီးများကို မွေးထုတ်ပေးခြင်းငှါ အချို့သောသူ တို့ ခန့်ထားတော်မူ၏။

## 2. ဒေသန္တရအိမ်အသင်းတော် (The Local House Church).

လူအချို့တို့က အိမ်အသင်းတော်သည် ကျယ်သောမြို့တော်အသင်းတော်မဟုတ်ဘဲ ဒေသန္တရအသင်းတော်၏ သင့်လျော်သောရှင်းလင်းတင်ပြချက်ဖြစ်သည်ဟု ငြင်းခုံပြောဆိုကြပါ သည်။လက်တဘက်မှာ ဒေသန္တရအိမ်အသင်းတော်ရှိပြီး၊ တကယ်မှာစကြဝ်ဠာတစ်ခုလုံးနှင့် သက်ဆိုင်သော အသင်းတော်ရှိ၏။သေးငယ်သောအသင်းတော်နှင့်ကြီးမားများပြားသော အသင်း တော်ရှိပြီး မြေအောက်မီးရထားစနစ်အသင်းတော်တော့မရှိပါ။

ပထမရသော မြို့တော်အသင်းတော်၏ အကြောင်းအရာများနှင့်အမျိုးမျိုးအဖုံဖုံသော အိမ်အသင်းတော်၏ အကြောင်းအရာတို့ကို မည်ကဲ့သို့ ပြန်လည်သင့်မြတ်စေနိုင်မည်နည်း။ အသင်းတော်ဟူသော စကားလုံးနှင့်ပတ်သက်၍ စကြဝ်ဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အ သင်းတော်ကို ရည်ညွှန်းပြောဆိုခြင်းမဟုတ်ဘဲ အသင်းတော်ပုံမှန်စည်းဝေးခြင်း အမှုအရာ အတွက်တစ်နေရာမှာ အတူတကွတွေ့ဆုံစည်းဝေးဘို့ စီမံခန့်ခွဲခြင်းအမှုကိုပြုသော ယုံကြည်သူ အသင်းအဖွဲ့အားလုံးကို ရည်ညွှန်းလျက်ငြင်းခုံပြောဆိုခဲ့ပါသည်။သေချာပေါက်မြို့သစ်၌ အသင်း တော်ကို တည်ထောင်ခါစမှာ စည်းဝေးခြင်းနေရာတစ်နေရာသာလျှင်ရှိသည်။သို့သော်လည်း ယုံကြည်သူလူဦးရေတိုးလာတာနှင့်အမျှ နေရာလည်းတိုးလာကာ မြို့တစ်မြို့မှာအသင်းတော်များ

လည်းတိုးပွားလာသည်။ထာဝစဉ်ထာဝရကာလအတွက် မြို့တမြို့မှာစည်းဝေးရာ အိမ်အသင်း တော်တစ်ပါးသာလျှင် တည်ရှိရမည်ဟုဘယ်တော့မှ ရည်ရွယ်ထားခြင်းမရှိပါ။

တနည်းအားဖြင့် ဓမ္မသစ်စာရေးသူတို့က သီးသန့်သီးခြားဖြစ်သော မြို့တစ်မြို့၌ အသင်းတော်တစ်ပါးဟု (အနည်းကိန်း) ပြောဆိုလျှင် ထိုမြို့ရှိယုံကြည်သူတို့သည် တစ်နေရာ ၌သာ မိတ်သဟာယဖွဲ့ကြပြီး တစ်နေရာ၌သာစုဝေးတွေ့ဆုံကြသောကြောင့်ဖြစ်သည်။ခရစ်ယာန်သမိုင်းမဂ္ဂဇင်းစာတီးဖြတ်သူ Mark Galli က "ခရစ်သက္ကရာဇ် ၁၀၀တွင် ယုံကြည်သူ ခရစ်ယာန်လူဦးရေသည် ၇၀၀၀ လောက်သာ ရှိပြီး၊ ရောမအင်ပါယာ၏ .၀၀၁၄ ရာခိုင်နှုန်း လောက်သာရှိသည်" ဟု ပြောဆိုခဲ့ပါသည်။ထိုနေ့ရက်အချိန်ကာလတွင် မြို့တစ်မြို့မှာ ဘုရား ကျောင်းတစ်ခုကို ပုံမှန်တက်ရောက်သူလူစုတစ်စုသာလျှင် ရှိခြင်းကိုအံ့သြစရာမရှိပါ။ထိုသို့ အချိန်ကြာလာသောအခါ ကနဦးအသင်းတော်တို့သည် ထိုမြို့၌အိမ်အသင်းတော်တစ်ပါးတည်း နှင့်ကျန်ရစ်တာထက် အသင်းတော်များတိုးပွားလာသည့်နှင့်အမျှ စည်းဝေးရာနေရာများလည်း တိုးချဲ့ဘို့ရန်မျှော်လင့်ထားကြပါသည်။

ကောရိန္တုမြို့ရှိသော အသင်းတော်သည် အဘယ်မျှလောက်ကြီးသနည်း။ဘယ်လောက် ပဲကြီးပါလေစေ သင်းဝင်သူအပေါင်းတို့သည် မျက်နှာစုံညီအစည်းအဝေးကိုကျင်းပဘို့ ပွဲတော် မင်္ဂလာကို အတူတကွသုံးဆောင်ဘို့နှင့်အသင်းတော်စည်းကမ်းများကို ကျင့်သုံးဘို့အတွက် တနေရာ၌ စုဝေးနိုင်ကြကြောင်းတွေ့ရပါသည်။ဤအသင်းတော်သည် တစ်ပါးတည်းသော အိမ် အသင်းတော်ဖြစ်ပါသည်။ကောရိန္တုမြို့၊ ရောမမြို့ဆီသို့ရေးသော ဩဝါဒစာများမှာ ရှင်ပေါလုက "သင်းဝင်သူအပေါင်းတို့ကိုင်း၊ လက်ခံ၍ဧည့်ဝတ်ပြုတတ်သော ဂါယုမြို့စာရေးဧရတ္တု၊ သင်တို့ ညီကွာတုတို့သည် သင်တို့ကိုနှုတ်ဆက်ကြ၏" ဟုရေးသားထားပါသည်။ဤအရာကို ကြည့် သောအိမ်အသင်းတော်ဆိုတဲ့ စကားလုံးမတွေ့ရပေမယ့်၊ အလွန်ကြီးကျယ်သော အိမ်အသင်း တော်ဖြစ်ဘို့များတယ်။အဘယ်ကြောင့်ဆိုသော် (ရော ၁၆း၂၃) ၌ ဖော်ပြထားသည့်နှင့်အညီအ တိုင်း ကောရိန္တုမြို့ရှိအသင်းတော်တစ်ခုလုံး၏ ဧည့်သည်ဝတ်ကိုပြုတတ်သော ဂါယု(သင်းအုပ် ဆရာ)ဟု ရေးထားပါသည်။

အိမ်အသင်းတော်အတွက် ဒေသန္တရအသင်းတော်၏ သင့်လျော်သောရှင်းလင်းထင်ပြ ချက်ကဲ့သို့ ထင်ရှားနေသောသက်သေအထောက်အထားက ဘာလဲ။အချိန်တိုင်းမှာ ဓမ္မသစ် ကျမ်းက ဒေသန္တရအသင်းတော်ပုံမှန်နှင့်ဘယ်နေရာမှာ ဝတ်ပြုစည်းဝေးလုပ်ကြသလဲဆိုတာနဲ့ ပတ်သက်၍ ရှောလမုန်ကနားပြင်၌ စည်းဝေးခြင်းမှလွဲ၍၊ ကိုယ်ပိုင်အိမ်မှာဘဲ ဝတ်ပြုစည်းဝေး ကို ပုံမှန်လုပ်ကြကြောင်းရှင်းလင်းစွာ ဖော်ပြထားပါသည်။အသင်းတော်၏ သမိုင်းကိုပြန်လည် ၍ ကြည့်ရှုသော်တစ်ရာစုက (ကနဦး) ယုံကြည်သူတို့သည် နောက်နှစ်ပေါင်း ၂၀၀ အတွင်း လူနေအိမ်များမှာဘဲ ဆက်လက်ဝတ်ပြုစည်းဝေးလုပ်နေကြပါသည်။အကယ်၍ ရာစုနှစ်များတွင် အခြေခံအားဖြင့် အသင်းတော်၏ဝတ်ပြုစည်းဝေးလုပ်တဲ့နေရာသည် တစ်စုံတစ်ယောက်သော သူ၏ ဧည့်ခန်းကိုအသုံးပြုခဲ့မယ်ဆိုရင် ကျယ်သောမြို့တော်အသင်းတော်သည် ဘယ်နေရာမှာ ဝတ်ပြုစည်းဝေးလုပ်ကြမလဲ။

(Constantive) ကောင်စတန်တိန်မတိုင်ခင် အသင်းတော်၏အသက်တာဟူသော စာအုပ် တစ်အုပ်၌ G.F Snyder က "ဓမ္မသစ်အသင်းတော်သည် သေးငယ်သောအိမ်အသင်းတော် အသင်းအဖွဲ့ကဲ့သို့ စတင်တည်ထောင်ကာ... အလယ်ရာစု(သို့)သုံးရာစုအဆုံးပိုင်းအထိ ဒီအ

တိုင်းဘဲဆက်လက်တည်တံ့ခိုင်မြဲခဲ့ပါသည်။ ခရစ်သက္ကရာဇ် ၃၀၀ မတိုင်မီကြီးမားကျယ်ပြန့် သော နေရာများတွင်စည်းဝေးကြကြောင်း သက်သေအထောက်အထားများမရှိခဲ့ပါ” ဟု ရေး သားထားပါသည်။ထိုနေ့က ကနဦးအိမ်အသင်းတော်တို့သည် တိုးတက်ကြီးထွားလာတာနှင့်အမျှ အိမ်အခန်းများကို ပို၍ကျယ်ပြန့်လာအောင်ချဲ့ရမယ့်အစား ထိုမြို့၌အသစ်သော အိမ်အသင်း တော်များကို စတင်တည်ထောင်ခဲ့ကြပါသည်။ဤအကြောင်းအချက်သည် အမှန်ရှိနေသောအဖွဲ့ အစည်းတစ်ခုကဲ့သို့ မြို့တော်အသင်းတော်၏ တွေးတော်ယူဆချက်နှင့်နည်းနည်းပိုသော အရာ ဖြစ်သည်ဟု မှတ်ယူရသည်။ဓမ္မသစ်၌ရှိသော အိမ်အသင်းတော်များသည် စစ်မှန်သောအသင်း တော်ဟု ယူဆရသည်။သူတို့ကိုယ်ပိုင်အခွင့်အရေး၌ bona fide အသင်းတော်များ၊ ကြိုးတိုက် အသင်းတော်ထက်မပိုသောအသင်းအဖွဲ့၊ အိမ်မိတ်သဘာဟာယသက်သက် မဟုတ်ပါ။

မြို့တော်အသင်းတော်ကို ထောက်ခံပြောဆိုသောသူတို့က မြို့ပေါ်ကန့်သတ်ချက်အခြေ အနေနှင့်အကွာအဝေးပေါ်မူတည်ပြီး အသင်းတော်တို့အားခွဲခြမ်းတိုးချဲ့သင့်သည်ဟု ပြောဆိုကြ သည်။အိမ်အသင်းတော်ကို ဒေသန္တရအသင်းတော်အတွက် မှန်ကန်၍ခေတ်မီသောအရာကဲ့သို့ လက်ခံ၍ စွဲကိုင်သောသူတို့သည် ပထဝီဝင်အားဖြင့်ခွဲခြမ်းတို့ကို မှန်ကန်သောအခြေခံမှုကဲ့သို့ လက်ခံကာ အသိအမှတ်ပြုကြသည်။သို့သော်လည်း မြို့တော်ကန့်သတ်ချက်နယ်နိမိတ်မတော် မတရားမှုများမြင်တွေ့ရသည်။ ထိုသူတို့သည် အောက်ပါအကျိုးတရားဖြစ်စေသည့် အခြေအနေ ကွဲပြားခြားနားသော ခွဲခြားခြင်းတို့ကို ထောက်ခံပြောဆိုကြသည်။၎င်းတို့မှာ အိမ်၏ခိုအောင်းရာ နေရာအခန်းနယ်နိမိတ်များ၊ ဧည့်ခန်းကြမ်းပြင်အကျယ်အဝန်း၊ ထောင့်ဆွဲကိရိယာမိုင်များထက် ထောင့်ဆွဲကိရိယာပေ၏ မြင်ခြင်းအာရုံ၌ ပထဝီဝင်စသည့်တို့ဖြစ်ကြသည်။အကယ်၍ ယုံကြည် သူအားလုံးတို့သည် တစ်နေရာတစ်အိမ်ထဲမှာစုဝေးလို့ မဆန့်တော့ဘူးဆိုရင် အသင်းတော်သစ် စတင်တည်ထောင်ချိန်ကျပြီဟု မှတ်ထားရမည်။ဧည့်ခန်း၏ ပျမ်းမျှခြင်းအရွယ်ပမာဏသည် အကန့်အသတ်ရှိသည်။

အိမ်အသင်းတော်သည် ကျမ်းစာကကြေညာပြောဆိုချက်ရှိသည့်အတိုင်း တစ်ခါတစ်ရံ မြို့တော်အသင်းတော်နှင့်မည်ကဲ့သို့ ဆက်စပ်အဓိပ္ပါယ်ကောက်ယူရသနည်း။ထိုအချိန်၌ ထိုမြို့မှာ အစည်းအဝေးတစ်ခုသာလျှင်ရှိသောကြောင့် ရိုးရိုးရှင်းရှင်းနှင့်အချို့သော မြို့၌ရှိသောအသင်း တော်ဟု ကျမ်းစာကပြောခြင်းသည် အမှတ်တကယ်ဖြစ်နိုင်ပါသလား။အကယ်၍ ဘုရားကျောင်း တစ်ခုကို ပုံမှန်တက်ရောက်သောလူစုမြောက်များစွာရှိခဲ့သော် ထိုမြို့ရှိအသင်းတော်ဟုဆိုတာ ထက် ထိုမြို့ရှိအသင်းတော်များဟု ရည်ညွှန်းပြောဆိုခြင်းသည် ပို၍သင့်တော်မလား။ရောမမြို့ ရှိအမှု၊ ကိစ္စ၊ ဖြစ်ရပ်တို့အကြောင်းစဉ်းစားဆင်ခြင်ပါ။

ရောမမြို့ရှိ အမှုကိစ္စဖြစ်ရပ် (The Case in Rome)

ဓမ္မသစ်ဩဝါဒစာအများစုထဲမှာ အချို့သောမြို့ရှိ အသင်းတော်တို့ကို ကြိုဆိုနှုတ်ဆက် ပါဟု မရေးသားထားပါ။ ရောမမြို့ရှိ ယုံကြည်သူတို့ကို ကြိုဆိုနှုတ်ဆက်ပါဟု ပြောဆိုခဲ့ပါ သည်။ ဥပမာတစ်ရပ်အနေဖြင့် သန့်ရှင်းသူအရာ၌ခန့်ထားသော ရောမမြို့သူမြို့သားအပေါင်း တို့ကို ကြားလိုက်ပါ၏ဟု

ရှင်ပေါလုက ရေးသားထားပါသည်(ရောမ ၁း၇)။ သူက ရောမမြို့ ၌ရှိသောအသင်းတော်ကို ကြိုဆိုနှုတ်ဆက်ခြင်း မပြုခဲ့ပပါ။ ဓမ္မသစ်ကျမ်းစာက ဘယ်တော့မှ ရောမမြို့ရှိအသင်းတော်ဟု ရည်ညွှန်းပြောဆိုခြင်း မရှိခဲ့ပါ။ အဘယ်ကြောင့်နည်း။ ရောမမြို့မှာ ဘုရားကျောင်းတစ်ခုကို ပုံမှန်တက်ရောက်သူလူစုတို့သည် တစ်ခုထက်ပို၍များသောကြောင့် လား။

အာကုလနှင့်ပြစ်ကိလဂျူးလူမျိုးလင်မယားတို့သည် ရာမမြို့တွင်နေသောသူဖြစ်ကြ၏။ ရှင်ပေါလုသည် ရောမသြဝါစာကို ရေးတဲ့အချိန်မှာ ရောမမြို့ကိုတစ်ခါမှ မရောက်ဖူးသေးပါ။ သို့သော်လည်း ထိုအကြင်လင်းမယားနှစ်ယောက်တို့ကို ဧဖက်မြို့နှင့်ကောရိန္တုမြို့တွင် နေတဲ့အ ချိန်မှ သိခဲ့သည်။ ဒီလိုနဲ့ ရှင်ပေါလုကရောမမြို့ရှိ၌ရှိသော သန့်ရှင်းသူတို့ကို စာရေးတဲ့အချိန် မှာ ထိုအကြိလင်းယားတို့ကိုလည်း နှုတ်ခွန်းဆက်စကားပြောခဲ့ပါသည်။ သူက "ငါအတူယေရှု ခရစ်တော်၏ အမှုကိုဆောင်ရွက်သောသူ၊ ပြစ်ကိလနှင့်အာကုလတို့ကို နှုတ်ဆက်ကြလော့။ သူတို့အိမ်၌ရှိသော အသင်းတော်ကိုလည်းနှုတ်ဆက်ကြလော့" ဟုမှာကြားခဲ့ပါသည်(ရောမ ၁၆း၃–၅)။

"ရောမမြို့ရှိသန့်ရှင်းသူအားလုံး" နှင့် "သူတို့အိမ်၌ရှိသောအသင်းတော်" (ရောမ၁း၇ နှင့် ၁၆း၃–၅)တို့နှစ်ခုခြားနားခြင်း၊ ကွာဟချက်ကဘာလဲ။ ပြစ်ကိလနှင့်အာကုလတို့၏ အိမ်၌ စုဝေးနေကြသောအသင်းတော်သည် ရောမမြို့ရှိသန့်ရှင်းသူအားလုံးတို့ထဲမှာပါဝင်သော နှုတ် ခွန်းဆက်စကားပြောဘို့ရန်အတွက် အထူးသဖြင့်တစ်ခုတည်းသီးသန့်သီးခြားဖြစ်သော အသင်း တော်ဖြစ်သည်။ ရှင်ပေါလုက နှုတ်ခွန်းဆက်စကားပြောခဲ့သော ရောမမြို့ရှိအသင်းတော်တစ်ပါး မှအပ ထိုမြို့တွင်အခြားသောအသင်းတော်မရှိခဲ့ပါ။ သူတို့အိမ်၌ရှိသောအသင်းတော်ကို နှုတ် ဆက်ကြလော့ဟု ဆိုရာ၌ပိုင်ဆိုင်မှုကို လေးနက်စေခြင်းဖြစ်ပြီး ရောမမြို့ရှိအခြားသောလူတို့၏ အိမ်များ၌ရှိသော အသင်းတော်များကို ဆန့်ကျင်ခြင်းဖြစ်သည်။

သခင်ဘုရား၏နေ့ရက်၌ တစ်နေရာထက်မက စုဝေးကြသောထိုသူတို့နှင့် ကောရိန္တုမြို့ ရှိယုံကြည်သူများထက် ဂဏန်းအရေအတွက်များပြားသောရောမမြို့ရှိ ယုံကြည်သူတို့အကြောင်း သည် ထည့်သွင်းစဥ်းစားထိုက်သော အရာဖြစ်သည်။ ဥပမာတစ်ရပ်အဖြစ် ရောမ ၁၆း၁၄ တွင် ရှင်ပေါလုက "အသုံကြိတ်၊ ဖလေကုန်၊ ဟေရမ၊ ပတ်ရောဘ၊ ဟေရမေစ၍သူတို့နှင့်အ တူနေသော ညီအစ်ကိုကို နှုတ်ဆက်ကြလော့" ဟုဖော်ပြထားပါသည်။ ဘယ်သူတွေက "ညီအစ်ကိုများ" ဖြစ်ပြီး ဘယ်သူတွေက "သူတို့နှင့်အတူနေသောသူများ" ဖြစ်ကြသနည်း။ ထိုသူတို့သည် ထိုယုံကြည်သောသူတို့နှင့်အတူ စည်းဝေးကြသော ကျန်တဲ့ကွဲပြားခြားနားသော အသင်းတော်ဖြစ်ဖွယ်ရာရှိသည်။

ရောမ ၁၆း၁၅ တွင် "ဖိလောလုပ်၊ ယုလိ၊ နေရု၊ နေရုနှမနှင့်သြလုမ္ပမှစ၍ သူတို့နှင့် အတူနေသော သန့်ရှင်းသူအပေါင်းတို့ကို နှုတ်ဆက်ကြလော့" ဟူသောစကားကိုလည်း စဥ်း စားဆင်ခြင်ပါ။ ဘယ်သူတွေ့ "သန့်ရှင်းသူများ" ဖြစ်ပြီး၊ ဘယ်သူတွေက "သူတို့နှင့်အတူနေ သောသူများ" ဖြစ်ကြသနည်း။ ဤသန့်ရှင်းသူတို့သည် ပြစ်ကိလနှင့်အာကုလတို့၏ အိမ်၌ စည်းဝေးသောအသင်းတော်မှ သီးခြားသီးသန့်ဖြစ်သော အသုံကြိတ်နှင့်ဆက်နွယ်သော အောက် ပါပုဂ္ဂိုလ်တို့နှင့်အတူ စုရုံးနေသော ညီအစ်ကိုတို့မှ ခြားနားသော၊ ရောမမြို့ရှိအခြားသော အသင်းတော်နှင့်အတူ စုဝေးနေသောသူများဖြစ်ကြောင်း သန်မာစွာ စိတ်တွင်ထင်မြင်စေပါ သည်။

ရောမမြို့တွင် သီးသန့်သီးခြားဖြစ်သော အသင်းတော်အနည်းဆုံးသုံးပါးဖွဲ့စည်း တည်ထောင်ခြင်းနှင့် ရောမမြို့ရှိယုံကြည်သူများစည်းဝေးလို့ရန် အနည်းဆုံးသီးသန့်သီးခြားဖြစ် သော နေရာသုံးနေရာရှိခြင်းတို့သည် ကောင်းသောဖြစ်ရပ်အမှုကိစ္စဖြစ်ပါသည်။ ရှင်ပေါလုက ကြိုတင်၍ သိပြီးသားလူများကိုသာ နာမနှင့်တကွနှုတ်ခွန်းဆက်သခြင်းကိုလည်း စဉ်းစားဆင် ခြင်ပါ။ ရှင်ပေါလုက ဤဩဝါဒစာကိုရေးတဲ့အချိန်မှာ ရောမမြို့တွင်ပုဂ္ဂိုလ်ရေးအကမ်းတဝင် မသိရသေးသော အခြားသောအိမ်အသင်းတော်မြောက်များစွာရှိကြောင်း ကျမ်းစာက အတိ အလင်း ဖော်ပြထားပါသည်။

ယေရုရှလင်(ဥပမာ)ယေဘုယျနမူနာမြေအောက်မီးရထားစနစ်လား

(သို့)

သေးငယ်သောအသင်းလား

ဤအရာအားလုံးကို ယေရုရှလင်အသင်းတော်ထံအသုံးပြုကြပါစို့။ ယေရုရှလင်အသင်း တော်သည် ကျမ်းစာကမြို့တစ်မြို့တွင် အသင်းတော်တစ်ပါးသာလျှင်ရှိသည်ဟု ရည်ညွှန်းပြော ဆိုတဲ့နေရာမှာ နည်းပါးလှသော(ဥပမာများ) ယေဘူယျနမူနာများထဲမှ တစ်ခုအပါအဝင်ဖြစ် သည်(တမန် ၈း၁)။ အကြောင်းမူကား(ရိုးရိုးရှင်းရှင်း) ထိုမြို့ရှိယုံကြည်သူအားလုံးအပေါင်းတို့ သည် တစ်နေရာတွင်အတူတကွစုရုံးနေကြသောကြောင့် ဖြစ်၏။ ယေရုရှလင်မြို့ရှိအသင်းတော် သည် အမှန်တကယ်တစ်ခုတည်းနှင့် ဖွဲ့စည်းတည်ထောင်ထားသောအသင်းတော်ဖြစ်သည်။ ဥပမာတစ်ရပ်အနေဖြင့် (တ ၂း၁) မှာ "ထိုသူအပေါင်းတို့သည် တစ်နေရာတွင်တညီတညွတ် တည်းစည်းဝေး၍နေကြ၏" ဟုဖော်ပြထားပါသည်။ ထို့နောက် တမန် ၆း၁-၂ တွင် "ထိုအခါ တစ်ကျိပ်နှစ်ပါးသော တမန်တော်တို့သည် တပည့်တော်အပေါင်းတို့ကို ခေါ်ပြီးလျှင်" ဟု ဖော်ပြထားပါသည်။ ယေရုရှလင်မြို့ရှိအသင်းတော်သည် ကောရိန္တုမြို့ရှိအသင်းတော်နည်းတူ အိမ်အသင်းတော်မဟုတ်ပါ။ (အကြောင်းမူကား ထိုသူတို့သည် ကိုယ့်အိမ်အသီးသီး၌ မုန့်ကို ဖဲ့လျက်ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏(တမန် ၂း၄၆)။ ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ တရာနှစ်ဆယ်သောတပည့်တော်အများမူလအစ အရေအတွက်အပြင်(တမန် ၁း၁၅) တို့နေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည် ဝင်ကြ၏(တမန် ၂း၄၁)။ ထို့နောက် တမန်တော်ဝတ္ထု ၄း၄ တွင် "တရားနား သောသူအများတို့သည် ယုံကြည်ခြင်းသို့ရောက်၍ အရေအတွက်အားဖြင့် လူငါးထောင်မျှ လောက်ရှိကြ၏" ဟု ပြောခဲ့သည်။ ဆက်လက်၍ရှင်လုကာက "ဘုရားသခင်၏သာသနာတော် သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ် အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ကြ၏" ဟု အကြောင်းကြားခဲ့ပါသည် (တမန် ၆း၇)။ ယေရုရှလင်မြို့ရှိအသင်းတော်သည် ယနေ့အသင်းတော်အဆင့်အတန်းနည်းတူ အလွန်ကြီးမားသောအသင်းတော်ဖြစ်သည်။ ဤအသင်းတော်သည် (mega)ကြီးမားသောအသင်း တော်ဖြစ်သည်။

အရေအတွက်များစွာသော လူစုတို့သည်ဘယ်နေရာမှာ အတူတကွစည်းဝေးနေကြသလဲ။ တမန်တော်ဝတ္ထု ၅း၁၂ က "ထိုသူအပေါင်းတို့သည် ရှောလမုန်ကနားပြင်၌ တညီတညွတ် တည်းစည်းဝေးကြသည်ဟု" အဖြေပေးခဲ့ပါသည်။ ရှောလမုန်ကနားပြင်သည် ကျောက်တိုင်များ အားဖြင့်

ထောက်ပင့်ထားသော အကာအရံမရှိသောခေါင်မိုးပေါ်ကကြီးမားသော စည်းဝေးရာနေ ရာဇရိယာဖြစ်သည်။ ဤအရာသည် ဆင်ဝင်ဆောင်(သို့)အိမ်ဘေးဝရန်တာဖြစ်သည်။ ထိုအရာ သည် ယေရုရှလင်အသင်းတော်အပေါ်သို့ရောက်လာသော ညှင်းပမ်းနှိပ်စက်ခြင်းမတိုင်မီကဖြစ် ပြီး ယင်းကဲ့သို့သော ထုထည်ကြီးမားသော စုရုံးရာအရပ်ကို ကြိုတင်ကာ ကွယ်ခဲ့ကြသည်။

အကျွန်ုပ်တို့သည် ယနေ့အသင်းတော်များ၌ ယေရုရှလင်အသင်းတော်၏ ယေဘူယျ နမူနာကိုမိတ္တူကူးသင့်ပါသလား။ အဖြေကတော့ နှစ်ခုစလုံးမှန်ပါတယ်။ ယေရုရှလင်မြို့ရှိ အသင်းတော်နှင့် ဆင်တူနေသောအသင်းတော်တို့အတွက်ဆိုရင် အတုယူသင့်ပါတယ်။ သို့သော်လည်း ထိုသူတို့၏အခြေအနေသည် ထိရောက်မှုရှိ၊ ပုံမှန်နှင့်လက်တွေ့ကျပြီး ပြိုင်ဘက်ကင်းသော အသင်းတော်ဖြစ်ပြီး၊ အကျွန်ုပ်တို့၏ပတ်ဝန်ကျင်အခြေအနေအတွက် စံနမူနာမဖြစ်ဘူးဆိုရင် မိတ္တူမကူးသင့်ပါ။ ယနေ့ခေတ်မီသောအသင်းတော်က မကြာခဏ ဤ ခြွင်းချက်ကို အုပ်ချုပ်ပုံအခြေခံစည်းမျဉ်းဥပဒေဖြစ်စေတတ်ကြသည်။ ဤယေရုရှလင်မြို့ရှိ အသင်းတော်၏ အခြေအနေသည် အတော်အတန်ဖြစ်သောအကြောင်းအရင်းများအတွက် ပြိုင်ဘက်ကင်းသောအရာဖြစ်သည်။

(၁) ယေရုရှလင်အသင်းတော်သည် ပထမဆုံးတည်ထောင်ခဲ့သော အသင်းတော်နှင့် ကလေးစသောအသင်းတော်ဖြစ်သည်။ အရွယ်မရောက်မရင့်ကျက်ခင် ကာလတွင်ဖြစ်၏။ Harvey Bluedorn က "ထိုအသင်းတော်၌ မဖွံ့ဖြိုးသေးသောအရာများတပုံကြီးရှိ၏။ သင်းဝင် သူအပေါင်းတို့သည် ဆောက်လုပ်ရေးအသစ် စီမံကိန်းချကြသည်။ သို့သော်လည်း အဆောက် အအုံလုပ်ခြင်းနှင့်အတူ အဆောက်အအုံအတွက်ငြမ်းစင်နှင့် အဆောက်အအုံလက်နက်ကိရိယာ တန်ဆာပလာတို့နှင့်တော့ မရှုပ်ထွေးရဘူး" ဟုဆိုခဲ့ပါသည်။

(၂) ယေရုရှလင်အသင်းတော်သည် မကြာမီကပြောင်းလဲလာသော ဂျူးလူမျိုးတစ်မျိုးသာ ပေါင်းစပ်ပါဝင်သောအသင်းတော်ဖြစ်သည်။ ထိုအကြောင်းကြောင့် သူတို့သည် ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ခြင်းအပါအဝင်၊ ပဋိညာဉ်တရားဟောင်းနှင့် သက်ဆိုင်သောအရာတို့ကို နက်ရှိုင်းစွာသံယောဇဉ်တွယ်ကြသည်။ Bluedorn က "ယေရုရှလင်အသင်းတော် အသက်တာ တစ်ခုလုံး ပညတ်တရားအောက်နှင့် ဗိမာန်တော်တဝိုက်၌ အသက်ရှင်ကြသောအရေဖျားလှီးခြင်း ခံသောဂျူးလူမျိုးများသာလျှင် ပေါင်းစပ်ပါဝင်သောအသင်းတော်ဖြစ်သည်" ဟုထပ်မံပြောဆိုခဲ့ သည်။

ထိုသူတို့သည် ယဉ်ကျေးမှုအရတရားစီရင်ပိုင်ခွင့်ရှိသောပညတ်တရား၏ အုပ်ချုပ်မှု အောက်၌အသက်ရှင်ဘို့ရန်အတွက် မိမိကိုယ်ကိုနှစ်မြှုပ်ထားသောသူများ ဖြစ်ကြသည်။ ထိုသူ တို့သည် ပဋိညာဉ်တရားဟောင်း၏ယဉ်ကျေးမှုသို့ အပြင်ဘက်မှ လိုက်လျော်စေသော မရင့်ကျက်မှု၏ အခွံကိုခွာချွတ်ကာ မကြာမီအသွင်ကူးပြောင်းခြင်းကို အစပြုကာ ထိုတစ်ချိန် တည်းမှာပင် ပဋိညာဉ်တရားသစ်၏ ယဉ်ကျေးမှုဖြစ်သောအတွင်းမှ အသွန်သဏ္ဍာန်ပြောင်းလဲ ခြင်းတည်းဟူသော ရင့်ကျက်ခြင်းကို ရှေ့သို့ယူလာကြသည်။ ထိုအသင်းတော်၌ သမ္မာတရား၌ ရင့်ကျက်ခြင်းမှ ဟန့်တားသောအရာ၊ သြတပစိတ်ကိုအားနည်းစေသော ပညတ်တရားကို စိတ် အားထက်သန်စွာခင်မင်တွယ်တာနေသောသူ ပြောင်းလဲသူ ယဇ်ပရောဟိတ် မြောက်များစွာရှိ သည်။ ယေရုရှလင်အသင်းတော်မှ ယနေ့အသင်းတော်၌မစဉ်းစားမဆင်ခြင်သင့်သော ယဉ်ကျေး မှုနေရာထိုင်ခင်း များပြားစွာရှိသည်။

(၃) ယေရုရှလင်အသင်းတော်သည် အလွန်ကြီးမားသောပြောင်းလဲသူအရေအတွက်နှင့် ချက်ခြင်းရင်ဆိုင်တွေ့စေသည်။ လူဦးရေတစ်ထောင်ပြောင်းလဲခဲ့ကြသည်။ များပြားလှသော ပြောင်းလဲသူတို့သည် ဘာသာရေးနှင့်ဆိုင်သောဘုရားဖူးခရီးသည်များ၊ ခေတ္တဧည့်သည်များ၊ ပင်တေကုတ္တေပွဲနှင့်ပသခါပွဲတို့ကိုလေ့လာဘို့ ယေရုရှင်မြို့သို့ခရီးသွားသောသူများဖြစ်ကြ သည်။ Jsepphus က "မြို့တော်၏လူဦးရေသည် အချိန်တော်တော်များများပုံမှန်ဖြစ်သော အရွယ်ပမာဏသို့ ကြီးထွားစေရလိမ့်မည်" ဟုမှတ်တမ်းတင်ခဲ့ပါသည်။ ရှင်လုကာက "ထိုကာ လအခါ ကောင်းကင်အောက်တွင် ရှိလေသမျှသောလူမျိုးထဲက ဘုရားကိုရိုသေသော ယုဒလူတို့ သည် ယေရုရှလင်မြို့၌ တည်နေကြသတည်း။ ပါသိပြည်မှစ၍ မေဒိပြည်၊ ဧလံပြည်၊ မေသောပေါတာမိပြည်၊ ယုဒပြည်၊ ကပ္ပဒေါပြည်၊ ပုန္တုပြည်၊ အာရှိပြည်၊ ဖြုဂိပြည်၊ ပမ်ဖုလိပြည်၊ အဲဂုတ္တုပြည်၌နေသောသူ၊ ကုရေနေမြို့နှင့်စပ်သော လိဗုကျေးလက်၌နေသောသူ၊ ရောမမြို့မှလာသောဧည့်သည်များ၊ ယုဒလူဖြစ်စေ၊ ဩသာဝင်ဖြစ်စေ၊ ကရေတေပြည်သား၊ အာရပ်ပြည်သား" ဒီလိုနဲ့ရေးသားထားခဲ့သည်(တ ၂း၅–၁၁)။ နောက်ဆုံး၌ ဤအသစ်ပြောင်း လဲသောသူတို့သည် အိမ်သို့ပြန်သွားဘို့ လိုအပ်သည်။ ကြားကာလ၌ထိုသူအပေါင်းတို့ကို တပည့်တော်ဖြစ်စေဘို့၊ သင်းကြားပေးဘို့နှင့် ယုံကြည်ခြင်း၌တည်မြဲစေဘို့ လိုအပ်သည်။ လူ တစ်ယောက်ကအနယ်နယ်အရပ်ရပ်မှလာပြီး ယေရုရှလင်မြို့၌ ရုတ်တရက်ပြောင်းလဲသွားသော အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့(တ ၂း၅–၁၁၊ ၄၁) နှင့် နောက်များမ ကြာခင် ထပ်၍ပြောင်းလဲလာသော ငါးထောင်မျှလောက်သောသူတို့ကို မည်ကဲ့သို့ ကိုင်တွယ်ရ မည်နည်း(တ ၄း၄)။ ထိုကာလ၌ အထူးသင်းကြားပေးခြင်းခံသောသူနှင့် ခန့်အပ်ထားသောသူ တမန်တော်တစ်ကျိပ်နှစ်ပါးတို့သာလျှင် ရှိ၏။

ထိုသို့ အရေအတွက်များစွာသော ပြောင်းလဲခါစယုံကြည်သူတို့ကို လျင်မြန်စွာ သင်းကြားပေးနိုင်ဘို့အသင်းတော်ယုံကြည်သူတို့သည် ကြီးမားသောအစည်းအဝေးပြုလုပ်ခဲ့ကြ သည်။ ယင်းသို့ဖြင့် "ထိုသူတို့သည် တမန်တော်တို့၏ဆုံးမဩဝါဒကိုခံခြင်း၊ မြဲဆောင်ရွက် ၍နေကြသည်" (တ ၂း၄၂)။ "ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ်တညီတ ညွတ်တည်း နေကြ၏" (တ ၂း၄၆)။ ဤအရာသည်လည်း သူတို့ခေတ်က မိမိဆန္ဒအလျောက် ဥစ္စာပစ္စည်းများကို အတူတကွဆက်ဆံသုံးဆောင်ကြသည်(တ ၄း၃၂–၃၅)။ ပြိုင်ဘက်ကင်းသော ပေးကမ်းခြင်းက ထိုပြိုင်းဘက်ကင်းသောသင်တန်းလိုအပ်ချက်ကို ဖြည့်စွတ်ပေးခဲ့သည်။ ထိုအရာတို့ကိုနောက်မှတည်ရှိလာသော အခြားသောအသင်းတော်များထံ နမူနာကဲ့သို့ ထပ်၍ ပြုလုပ်ခြင်းမရှိတော့ပါ။ အမျိုးအစားသည် ကြီးမားသောအသင်းတော်မဟုတ်ဘဲ သေးငယ်သော အသင်းတော်များ၊ အများပြည်သူသုံးမဟုတ်ဘဲ တစ်ဦးတစ်ယောက်ကပိုင်သော ပစ္စည်းဥစ္စာများ ဖြစ်သည်။

တရားမျှတသောစိတ်ကူးမြင်ယောင်ခြင်း၊ ထောင်ပေါင်းများစွာသောယုံကြည်သူသစ်လေး တို့အား ယေရုရှလင်မြို့၌သင်တန်းတက်ခြင်းမှလွဲ၍ အခြားကောင်းကင်အောက်မြေကြီးပေါ် သင်တန်းတက်ရမယ့်နေရာမရှိပါ။ သူတို့ကို သင်တန်းပေးရမည့်အချိန်ကာလသည် ကုန်လွန် သွားပြီ။ နောက်ဆုံးမှာသူတို့သည် အိမ်အသီးသီးသို့ပြန်သွားကြသည်။ သဘာဝထက်လွန်ကဲ သောအခြေအနေများကို သဘာဝထက်လွန်ကဲသောပြုမူဆောင်ရွက်ခြင်းအတွက် အော်ခေါ်သည်။ အများသုံးရန်ဖြစ်သောအရာနှင့် အမြောက်အများစည်းဝေးခြင်းတို့ဖြစ်သည်။ အကယ်၍

ပင်လယ်သေမြို့ရှိ မောရ်မုန်းလူအားလုံးတို့သည် ရုတ်တရက်ပြောင်းလဲခြင်းသို့ရောက်ပြီး ခရစ် တော်ကိုစစ်မှန်သော ယုံကြည်ခြင်းရှိကြမယ်ဆိုရင် ထိုသို့ပြိုင်ဘက်ကင်းသောအခြေအနေသည် သဘာဝထက်လွန်ကဲသော တုံ့ပြန်မှုအတွက် စစ်မှန်သောအသင်းတော်အားဖြင့် အော်ခေါ်ထား ခြင်းဖြစ်သည်။

ဗိမာန်တော်၌တညီတညွတ်တည်း စည်းဝေခြင်းသည် တည်တံ့ခိုင်မြဲခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားဖူးသွားခြင်းကိုသာ နောက်ဆုံး၌စွန့်ခွာသွားခြင်းမဟုတ်ဘဲ ဒေသန္တရနေထိုင်ရာအရပ်သည်လည်း အတင်းအဓမ္မမေ့လျော့ကျန်ခဲ့နေပြီ။ ရှင်လုကာက “ထိုအခါ ယေရုရှလင်မြို့၌ရှိသောအသင်းတော်သည် ပြင်းစွာသောညှဉ်းဆဲခြင်းကိုခံရသဖြင့် တမန်တော်တို့မှတပါး သင်းဝင်သူအပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြားကြ၏” ဟုမှတ်တမ်းတင်ခဲ့ပါသည်(တ ၈း၁)။

နှစ်အတော်ကြာပြီးနောက် အခြားသောမျက်နှာစုံအစည်းအဝေးရှိသည်အတိုင်း ယေရုရှ လင်အသင်းတော်က အဘယ်အရာတို့ကိုစွန့်ခွာသွားသနည်း။ ဤအရာကို တမန်တော်ဝတ္ထု အခန်း(၁၅) ယေရုရှလင်ကောင်စီ၌ မှတ်တမ်းတင်ထားခဲ့ပါသည်။ “ထိုအခါ ဗာနဗနှင့်ပေါလု တို့သည် မိမိတို့အားဖြင့်တပါးအမျိုးသားတို့တွင် ဘုရားသခင်ပြုသမျှသော နမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ကြားပြောသည်ကို စုဝေးသောသူအပေါင်းတို့သည် တိတ်ဆိတ်စွာနေ၍ နားထောင်ကြ၏” (တ ၁၅း၁၂)။ ထိုမှတပါး ရှင်လုကာက “ထိုအခါတမန်တော်တို့နှင့် သင်း အုပ်တို့မှစ၍သင်းဝင်သူအပေါင်းတို့သည် စေလွှတ်မည်အကြောင်း သဘောညီညွတ်ကြ၏” ဟု ရေးသားထားပါသည်(တမန် ၁၅း၂၂)။ ဤအရာသည် အရင်ကဲ့သို့ထောင်ပေါင်းများစွာ သော လူတို့မဟုတ်ပေမယ့်၊ လွန်စွာအသင်းတော်ထိပ်ဖျားအဆုံးကိုဖြတ်တောက်သည်။

တရားမျှတပြီး ပြိုင်ဘက်ကင်းသော ယေရုရှလင်ကောင်စီ၌ တသတင်းကောင်း၏ မူရင်းသဘောသဘာဝကို ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ဆုံးဖြတ်သောအရာဟူမှုကား “ခရစ်တော် ယုံကြည်ခြင်းသည် လုံလောက်ပါသလား၊(သို့) လူတို့အား အရေဖျားလှီးခိုင်းမလား။ မူလအစ တမန်တော်တို့သည် ယေရုရှလင်မြို့မှာ ဆက်လက်နေကြကာသူတို့သည်ဩဝါဒအတွက် အဆင့်အတန်းရှိပြီး၊ စံနမူနာနှင့်နေကြသည်။ မှားယွင်းသောသတင်းကောင်းတည်းဟူသော အရေဖျားလှီးခြင်း ပြစ်တင်ရှုတ်ချပြီး စစ်မှန်သောခရစ်တော်၏သတင်းကောင်းကိုမူ ဖော်ပြလျက် အကာအကွယ်ပေးဘို့လိုအပ်သည်။ တစ်ကျိပ်နှစ်ပါးသောတမန်တော်တို့သည် ဤအရာကို လုပ်နိုင်သောသူများဖြစ်သည်။ ဤလောက၌ ခရစ်တော်ကိုကိုယ်စားပြုနိုင်လောက်အောင် အရည်အချင်းပြည့်စုံသောသူ တစ်ယောက်မျှမရှိသောကြောင့် ဤလောကမြေကြီးပေါ်၌ သူ့ကို ကိုယ်စားပြုဘို့ရန် တမန်တော်ဆယ့်နှစ်ပါးတို့ကို ခရစ်တော်ကိုယ်တိုင်က သတိထား၍ရွေးချယ် ပြီး သင်တန်းပေး/သင်ကြားပေးခဲ့ပါသည်။ ယေရုရှလင်မြို့ရှိ အသင်းတော်သည် အခြားသော အသင်းတော်များအပေါ် အမိန့်အာဏာမရှိပါ။ အရေဖျားလှီးခြင်းကို တောင်ဆိုသောသူတို့အား အပြစ်စီရင်ခြင်းအမိန့်စာကို ယေရုရှလင်အသင်းတော်နှင့်အတူ တမန်တော်တို့ထံမှ ထွက်သွား ခဲ့သည်။

## ယုဒပြည်၊ဂါလိလဲပြည်နှင့်ရှမာရိပြည်တို့၏ အသင်းတော်
## (The Church of Judea, Galilee and Samaria)

ပုံမှန်ဖြစ်သော သမ္မာတရားနှင့်ညီညွတ်သော နမူနာပုံစံသည် ဒေသတစ်ခုအထဲရှိ အသင်းတော်များကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။(တ ၁၅း၄၁၊ ၁ကော ၁၆း၁၊ ၂ကော ၈း၁ ၊ဂလာ ၁း၂)။သို့ဖြစ်၍ တ ၉း၃၁ မှာ (KJV) က “ ထိုအခါယုဒပြည် ဂါလိလဲပြည် ရှမာရိ ပြည်အရပ်ရပ်တို့တွင် အသင်းတော်တို့သည် ငြိမ်သက်၍တည်ဆောက်ခြင်းရှိကြ၏ ” ဟုရေးထား ခဲ့သည်။သို့သော်လည်း (NIV) က တူညီသော ကျမ်းပိုဒ်ထဲမှ အသင်းတော်စကားလုံးကို အနည်းကိန်းနှင့်ဖော်ပြထားပါသည်။ “ထိုအခါ ယုဒပြည်၊ ဂါလိလဲပြည်၊ ရှမာရိပြည်အရပ်ရပ် တို့တွင် အသင်းတော်သည် ငြိမ်သက်၍တည်ဆောက်ခြင်းရှိ၏ ” ဟုရေးထားခဲ့သည်။ဘယ်က ဟာအမှန်ဆုံးလဲ။အသင်းတော်လား၊ အသင်းတော်များလား။

ဂရိတ်မူရင်းနှင့်အနီးစပ်ဆုံးခြားနားသောစာအုပ်များက ကွဲပြားခြားနားစွာ ရေးမှတ် ထား သောကြောင့် မတူညီခြင်းဖြစ်ပါသည်။အကယ်၍ (NIV) ရေထားသည့်အတိုင်း “အသင်းတော်” (အနည်းကိန်း)က မှန်ခဲ့မယ်ဆိုရင် ဒေသနှင့်ဆိုင်သော အသင်းတော်နှင့်ပတ်သက်၍ ကျမ်းစာ တစ်အုပ်လုံးထဲမှာ တနေရာတည်းသော ရည်ညွှန်းပြောဆိုချက်ဖြစ်လိမ့်မည်။အကယ်၍ ဤအ ရာသည် မှန်ခဲ့သော်အသေးစိတ်အားဖြင့် ယေရှုရှလင်မြို့ရှိပြန့်လွင့်သွားသော အသင်းတော်ကို ကိုးကားပြောဆိုခြင်းဖြစ်သည်။ယေရှုရှလင်အသင်းတော်သည် တစ်ကမ္ဘာလုံးတွင် တစ်ပါးတည်း သော အသင်းတော်ဖြစ်သည်။ကနဦးအသင်းတော်သည် ကြမ်းတမ်းခက်ထန်စွာ ညှင်းပန်းနှိပ် စက်ခြင်းကို ခံရသဖြင့် တမာန်တော်တို့မှတပါး သင်းဝင်သူအပေါင်းတို့သည် အနှံ့အပြားကွဲ ပြားကြ၏။(တ ၈း၁)။ အသင်းတော်တို့သည် ဘယ်နေရာသို့သွားကြသနည်း။ယုဒပြည်၊ ရှမာရိ ပြည်အရပ်ရပ်ရှိအသင်းတော်သည် ယေရှုရှလင်မြို့မှ ပြန့်လွင့်သောအသင်းတော်ကဲ့သို့ရည်ညွှန်း ပြောဆို၏။(တ ၉း၃၁)။ထိုနောက် တ ၉း၃၁ ကရည်ညွှန်းပြောဆိုထားသည့်အတိုင်း ယေရှုရှ လင်မြို့မှ ပြန့်လွင့်သွားသော အသင်းတော်သည် ဂလာတိပြည်၌လည်း တွေ့ရှိခြင်းသည် အခြားသောသက်သေ အထောက်အထားတစ်ခုဖြစ်သည်။(ဂလာ ၁း၂၂)။ယေရှုရှလင်အသင်းတော် နေရာအနှံ့ကွဲပြားပြီးနောက် ရေးသားထားသော ဂလာ ၁း၂၂သည် ပုံမှန်ဖြစ်သော အသုံးအနှုန်း သို့ နောက်ပြန်ရောက်စေကာ ယုဒပြည်ရှိအသင်းတော်များဟု (အများကိန်း)နှင့်ရည်ညွှန်းပြော ဆိုပါသည်။အရပ်ရပ်သို့ ကွဲပြားပြီးနောက် ယုဒပြည်၌လုပ်ဆောင်ခြင်း၊ဒေသန္တရနှင့်ဆိုင်သော၊ တိုင်းရင်းဖြစ်သော အသင်းတော်များပေါ်ထွက်လာကြောင်း ဤအရာကစိတ်တွင် ထင်မြင်စေပါ သည်။ယေရှုရှလင်မြို့မှ ထွက်ပြေးသွားသော ဒုက္ခသည်များက သူတို့ထွက်ပြေးတဲ့ နေရာတိုင်း မှာ အသင်းတော်သစ်များ စတင်တည်ထောင်ခဲ့ကြသည်။

ရှင်လုကာသည် ထိုဒေသရှိယုံကြည်သူအပေါင်းတို့ထံသို့ ရည်ညွှန်းပြောဆိုသောအခါ စိတ်နှင့်သာ သိမှတ်အပ်သောအရာဖြစ်ဖွယ်ရာရှိသည်။ အကျွန်ုပ်တို့က "တရုတ်နိုင်ငံရှိအသင်း တော်သည် ညှင်းပန်းနှိပ်စက်ခြင်းခံနေကြသည်" ဟု တူညီသောခေတ်ဆန်ခြင်းဖြင့် ပြောဆိုရ သည်။တရုတ်ပြည်တွင် ယုံကြည်သူအားလုံးရုပ်ဝတ္ထုအားဖြင့် ပါဝင်ပတ်သက်စေသော အသင်း တော်အဖွဲ့အစည်းတစ်ခုမှ မရှိပါ။ဤအရာသည် စိတ်နှင့်သာသိမှတ်အပ်သော စစ်မှန်သော အရာဖြစ်သည်။ယုဒပြည်နှင့်တရုတ်ပြည်ရှိ အသင်းတော်နှစ်ခုစလုံးတို့သည် စိတ်နှင့်သာသိမှတ် အပ်သော စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်ထဲတွင် ပါဝင်ပြီးသားအသင်း တော်များဖြစ်သည်။သမ္မာကျမ်းစာက စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်ထက် ဒေသဆိုင်ရာအသင်းတော်ကို ပြောဆိုခြင်းမဟုတ်ပါ။ဂလာတိ ၁း၂ တွင် ဖော်ပြသည့်နှင့်အညီ ဒေသတစ်ခုအထဲရှိ ဒေသန္တရအသင်းတော်များဟု ယေဘုယျနမူနာဖြင့် ပြောစရာအများကြီးရှိ၏။ သို့သော်လည်း ဥပမာပြဘို့ဒေသနှင့်ဆိုင်သော အသင်းတော်တစ်ခုမျှမရှိပါ။လောကီရေးနှင့်ဆိုင် သော အသင်းတော်အဖွဲ့အစည်းက ဒေသန္တရနှင့်ဆိုင်သော ဘုရားကျောင်းတစ်ခုကို ပုံမှန်တက် ရောက်သော လူစုကိုကျော်လွန်လျက်အခွင့်အာဏာရှိဘို့ရန် ကျမ်းစာအထောက်အထားမရှိခဲ့ပါ။ ဒေသအလိုက်ဖွဲ့စည်းထားသော အသင်းတော်(စကော့တလန်အသင်းတော်၊အင်္ဂလန်အသင်းတော်) နှင့်တကမ္ဘာလုံးနှင့်သက်ဆိုင်သော ဖွဲ့စည်းထားသောအသင်းတော် (Romam Catholic Church) တို့အတွက် ကျမ်းစာအထောက်အထားမရှိပါ။

မြို့တော်အသင်းတော်ကို လေ့လာသုံးသပ်သောအခါ (တ ၉း၃၁) ပေါ်အခြေခံ၍ ကွဲ ပြားခြားနားသော ဂရိတ်လက်ရေးစာမူများမှာ တလုည့်စီဖြစ်သော စဉ်းစားဆင်ခြင်မှုအတွက် ခွင့်ပြုဖွယ်ရာရှိသည်။မြို့အသီးသီးရှိစိတ်ထဲ၌သာ သိမှတ်အပ်သောအသင်းတော်တစ်ပါးသည် ဖွဲ့စည်းထားသော ဒေသန္တရအိမ်အသင်းတော်များမှ ဖြစ်ပေါ်လာသောအသင်းတော်ဖြစ်သည်။ အိမ်အသင်းတော်အသီးသီးသည် ဒေသန္တရအသင်းတော်၏ စစ်မှန်သောရှင်းလင်းတင်ပြခြင်း အဖြစ် သဘောတူခွင့်ပြုထားပါသည်။ယုံကြည်သူတို့သည်လည်း မိမိကိုယ်မိမိ သူတို့၏မြို့၌ ရှိသောပို၍ကြီးမားသော အသင်းတော်၏အစိတ်အပိုင်းကဲ့သို့မြင်သင့်ပါသည်။ မြို့တော်အသင်း တော်သည် စိတ်နှင့်သာသိမှတ်အပ်သော စစ်မှန်သောအရာကဲ့သို့ အကျွန်ုပ်တို့၏စိတ်ထဲတွင် တည်ရှိသင့်သည်။သို့သော်လည်း လောကီရေးနှင့်ဆိုင်သော အဖွဲ့အစည်း (သို့) အခွင့်အာဏာ ကဲ့သို့ ရည်ရွယ်ထားခြင်းမဟုတ်ပါ။မြို့တစ်မြို့လျှင် အသင်းတော်တစ်ပါးသာလျှင် ရှိပြီး၊ ထို အသင်းတော်ကို ပြည့်စုံသွားစေရန် လိုအပ်သောအရာဖြစ်သည်ဟု ကိုယ်ဟန်အနေအထားရှိသင့် သည်။အိမ်အသင်းတော်သည် မြို့တော်အသင်းတော်တော့ မဟုတ်ဘဲ၊ ဒေသန္တရအသင်းတော် အဖွဲ့အစည်း၏သင့်လျော်သော ယူနစ်တစ်ခုဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သော အသင်းတော်၊ဒေသနှင့် ဆိုင်သော အသင်းတော်နှင့်ကျယ်သော မြို့တော်အသင်းတော်တို့သည် ရုပ်အကောင်အထည်ဒြပ် မရှိ၊စိတ်ထဲ၌ သိမှတ်အပ်သော အသင်းတော်များဖြစ်ကြသည်။ဤသုံးခုထဲရှိ တစုံတစ်ခုကမျှ သမ္မာကျမ်းစာနှင့်ညီညွှတ်သော အဖွဲ့အစည်း၊စုဝေးတွေ့ဆုံခြင်းနှင့်အခွင့်အာဏာများ နမူနာ၊ ပုံ သွင်းခြင်းမရှိခဲ့ပါ။ရုပ်အကောင်အထည်ဒြပ်မရှိ၊ စိတ်ထဲ၌ သိမှတ်အပ်သောမြို့တော်အသင်းတော် ၌ ယုံကြည်မှု၏ဆိုလိုရင်းအဓိပ္ပါယ်မှာ ရှင်ပေါလုက် ယေရုရှလင်မြို့ရှိ ဒေသန္တရအသင်းတော် ကို ကူညီမစဘို့ရန် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သောအသင်းတော်ထံမှ အလှူငွေများကို ယူသွားသကဲ့သို့ (ကောင်းကျိုးပြုတတ်ခြင်း၊ ဆုတောင်းခြင်းနှင့်ဇဝံဂေလိလုပ်ခြင်း)

တည်းဟူ သော အရဲစွန့်ပြုလုပ်ခြင်းများ၌ အခြားစစ်မှန်သော အသင်းတော်များနှင့်ဆက်သွယ်ကာ ပူပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ရုပ်အကောင်အထည်ဒြပ်မရှိ၊ စိတ်ထဲ၌သာ သိအပ်သောမြို့ တော်အသင်းတော်၏ အဓိပ္ပါယ်မှာ အသင်တို့၏မြို့ရှိယုံကြည်သူအပေါင်းနှင့်မေတ္တာနှောင်ကြိုး ၌ အတူတကွစုစည်းပေးနေခြင်းဟု ဆိုလိုသည်။ရုပ်အကောင်အထည် ဒြပ်မရှိ၊စိတ်ထဲ၌သာ သိမြင်အပ်သောမြို့တော်အသင်းတော်၏ အဓိပ္ပါယ်မှာ ဖရက်(စ်)ဘိုင်တီးရီယား၊ မေ့သဒစ်နှင့် နှစ်ခြင်း၊မည်သည့်အသင်းတော်မဆိုပမာမထားပဲ၊သင်၏မြို့ရှိယုံကြည်သူ အပေါင်းတို့ကိုလက် ခံနေခြင်းဟု ဆိုလိုသည်။ဤအရာက မြို့အသီးသီးရှိသင်းအုပ်ဆရာတို့အတွက် ဘုရားကျောင်း ကိုအုပ်ချုပ်သည့်သက်ကြီးပုဂ္ဂိုလ်များအဖွဲ့၏ အမျိုးအစားမထိန်းသိမ်းဘဲ အတူတကွပူးပေါင်း လုပ်ဆောင်ခြင်းကိုလည်း ခွင့်ပြုနေသည်။

## မြို့တော်အသင်းတော်၏အံ့အားသင့်ထိတ်လန့်မှုများ(City Church Consternations)

၁။ ကြီးကျယ်သောမြို့ရှိကျယ်သောမြို့တော်အသင်းတော်၏ မျက်နှာစုံညီ လွှတ်တော် အစည်းအဝေးကို ဘယ်နေရာမှာလုပ်ခဲ့ကြသနည်း။ ဥရောပနိုင်ငံတစ်နိုင်ငံလုံးရှိလူများထက် လန်ဒန်မြို့၌ရှိသောလူများသည် သာ၍များကြ၏။ လန်ဒန်မြို့တွင် ရောမခေတ်တုန်းကယုံကြည်သူများလည်းရှိကြသည်ဖြစ်၍ ယခုအချိန်မှာ ထိုမြို့ရှိခရစ်ယာန်အရေအတွက်သည် ဧကန်မုချအ လွန်ကြီးမားလျက်ရှိ၏။ မြို့တော်အသင်းတော်ကို ပိုမိုပုံ့နှံ့ဖို့အာသာငမ်းငမ်းလိုလားသူ Watchman Nee ကလည်း ထိုမြို့တို့အားလန်ဒန်မြို့ကဲ့သို့ အောက်လွှတ်တော်ကိုယ်စားပြု သည့်မြို့အသင်းတော်နှင့်တူသော တစ်စုံတစ်ရာအတွက်ပို၍သေးငယ်သော ယူနစ်တစ်ခုအဖြစ် သို့ ဆုတ်ယုတ်သွားခြင်း ခွင့်ပြုခဲ့သည်။ အကယ်၍ မြို့တော်အသင်းတော်သည် သမ္မာကျမ်းစာစံနမူနာမှန်လျှင် လန်ဒန်မြို့ကိုပို၍သေးငယ်သော အဖြစ်သို့အစိတ်အစိတ်အမြွှာမြွှာကွဲပြားခြင်း အမှု၌ ဝင်စွက်ရန် အကျွန်ုပ်တို့သည် ဘာအခွင့်အရေးရှိမည်နည်း။

၂။ ဤအရာသည် ဓမ္မသစ်ကျမ်းစာရေးသားခဲ့သောအချိန်မှနှစ်ပေါင်းနှစ်ထောင်ရှိသွားပြီ။ ယခင်ကအသင်းတော်များစွာတို့သည် စာတန်၏တရားဇရပ်ဖြစ်လာလိမ့်မယ်အစား အသင်း တော်များဖြစ်ခြင်းမှ ရပ်စဲသွားခဲ့ပြီ။ အခြားသောအသင်းတော်များသည် မပြောင်းလဲသောသောသင်းဝင်သူများနှင့်ပြည့်ကာ ညီအစ်ကိုများသဖွယ်အပေါ်ယံရင်းနှီးစွာ နေကြပြီး၊ အပြစ်ဖော်ပြသိ ရှိခြင်းနှင့် မိတ်သဟာယမှ

ပယ်ထုတ်ဖယ်ရှားခြင်းမခံသေးသောသူများဖြစ်ကြ၏။ အချို့သော အသင်းသားတို့သည် လိင်တူချင်းဆက်ဆံသောယောကျ်ားသင်းအုပ်ဆရာများရှိကြသည်။ အချို့ သောသင်းအုပ်တို့သည် သုံးပါးတစ်လုံးတစ်ဝတည်းသောဘုရားဖြစ်ခြင်း၊ အပျိုကညာစင်မယ် တော်မှ ခရစ်တော်ကိုဖွားမြင်သည်ဟူသော ယုံကြည်မှုနှင့် လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ စော်ကားခံရသူကို ကျေနပ်အောင်ပြုခြင်းအလုပ်တို့ကို ငြင်းပယ်ကြသည်။ အကျွန်ုပ်တို့သည် ထိုကဲ့သို့ကျယ်သောမြို့အသင်းတော်ကို တည်ထောင်ဘို့ရန် ကြိုးပမ်းအား ထုတ်နေကြသော အပေါ်ယံသာညီအစ်ကိုများသဖွယ်နေသော သူတို့နှင့် မိမိကိုယ်ကိုအသင်းအ ဖွဲ့ဝင်ရမှာလား။ မြို့တော်အသင်းတော်က ထိုသို့သော်မြို့တော်အသင်းတော်၌ စစ်မှန်သော ယုံကြည်သူများသာလျှင် ပါဝင်ပတ်သက်ရမည်ဟု တုံ့ပြန်ပြောဆိုခြင်းအားဖြင့် ထောက်ခံခြင်း သည် ဇကန်မုချအမှန်ပင်ဖြစ်သည်။ သို့သော် ဤကဲ့သို့သောဆုံးဖြတ်ချက်ကို ဘယ်သူကလုပ် ရမည်နည်း။ ခိုက်လန်ဖြစ်ပွားခြင်း၊ မခံမရပ်နိုင်ခြင်းနှင့် ခွဲခြားခြင်းတို့အတွက် သက်ဝင်လှုပ် ရှားလာနိုင်သောအရာသည် အလွန်ကြီးမားလှပေ၏။ မြို့တော်အသင်း၏ စိတ်ကူးအမြင်ကို လက်ခံသော Atlanta (USA)ရှိယုံကြည်သူအသင်းအဖွဲ့တစ်ခုသည် ကြီးမားသောအဆောက် အအုံကို ဆောက်လုပ်ခဲ့ရာအိမ်ရှေ့တွက်ပေါက်မှာ “ Atlanta ရှိအသင်းတော်သည် ဤနေရာမှာ ဝတ်ပြုစည်းဝေးလုပ်နေကြ၏ ” ဟုတကျော်ကျော်အော် နဲ့သံထွက်စေကြ၏။ ထိုကဲ့သို့ပြုလုပ် ခြင်းသည် ထိုနေရာသို့ တနင်္ဂနွေနေ့တွင် ဘုရားကျောင်းမတက်သော Atlanta ရှအခြားသော ယုံကြည်သူမြောက်များစွာတို့အား ဘယ်လောက်ထိနိုင်လို မင်းထက်ပြုပြီး၊ အရာဝတ္ထုကို မြတ်နိုးခြင်းအမှတ်လက္ခဏာဖြစ်သွားသလဲ။

အရှုံ့တိုက်ငေါ်ထေ့စွာဖြင့် မြို့တော်အသင်းတော်သည် တရားသူကြီးနှင့်ဆိုင်သော ဘာသာရေးပြုပြင်ပြောင်းသူတို့၏ ပြဿနာတည်းဟူသော ပြည်နယ်ကတာဝန်ယူသော အသင်း တော်များအထဲ၌ မကြည်သူများမှ စစ်မှန်သောယုံကြည်သူတို့ကို ခွဲခြားခြင်းပြဿနာနှင့် တူညီသောပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေသည်ဟု အခိုင်အမာထောက်ခံပြောဆိုခဲ့သည်။ ထိုသူတို့သည် အလွန်ကြီးမားသောကျယ်ပြန့်သောတော်မျိုးစေ့အသင်းတော်ထဲ၌ အနည်းငယ် သောကောင်းမျိုးစေ့အသင်းတော်နှင့် ကြီးပြင်းလာခဲ့ကြသည်။ ထိုသို့သောအထဲ၌ အသွင် သဏ္ဍာန်ပြောင်းလဲခြင်းအတွက် ကြိုးပမ်းအားထုတ်ခြင်းသည် ရှားပါးသောအောင်မြင်ခြင်းဖြစ် သည်ဟု သမိုင်းကစိတ်တွင် ထင်မြင်စေပါသည်။

၃။ အလွန်ကြီးမားကျယ်ပြန့်သောမြို့တော်အသင်းတော်တစ်ပါး၌ မှားယွင်းသောဩဝါဒ သင်ပေးခြင်း၊ သိုးရေခြုံသောဝံပုလွေနှင့်အော်ဖရာခေါင်းဆောင် မင်းသမီးတို့၏ဆန့်ကျင်ဘက် ပြုခြင်းမှ မည်ကဲ့သို့ ဘုရားသခင်၏လူများကို ကာကွယ်ပေးခဲ့သလဲ။ သို့သော်ငြားလည်း မည့်သည့်အသင်းတော်မဆို Roman Catholic အသင်းတော်၌ဖြစ်ပျက်ခဲ့သော ပြဿနာနှင့်တူ ညီသောမြို့တော်အသင်းတော်၏ ရပ်ရှင်ဇာတ်ညွှန်းတစ်ခုကို အဆုံးစီရင်ခြင်းကဲ့သို့သော ပြဿနာများကို ရင်ဆိုင်ကြုံတွေ့နေကြသည်။ ထိပ်ဖျားအရာအဖတ်ဆည်မရအောင်ဖြစ်သွားသော အခါ အောက်၌ရှိသော အဆောက်အအုံအားလုံးတို့သည် ယုတ်ညံ့ပျက်ဆီးသွားကြ၏။ ဗဟို ဦးစီးစနစ်ဖြစ်သောအိမ်အသင်းတော်များနှင့်အတူ အသင်းတော်တစ်ပါးပါးသည် အဖတ်ဆည်မရ ဖြစ်သွားသောအခါ အခြားသောအသင်းတော်များသည် အမှားမှပိုမို၍ ဝိုင်းပယ်သီးသန့်ခွဲခြား ထားရသည်။

၄။ လူအချို့တို့သည် တနင်္ဂနွေနေ့တိုင်းအိမ်အသင်းတော်တစ်ခုမှတစ်ခုသို့ သွားတက် ခြင်းနှင့် ဂျစ်ပစီးလူမျိုးတို့က ဝိညာဉ်ရေးမှာ အဘယ်သူကိုမျှ တာဝန်မရှိခြင်းတို့ကို ဆင်ခြင် ပေးသကဲ့သို့ မြို့တော်အသင်းတော်၏အမြင်ကို ဆဲရေးတိုင်းထွာနှင့်ပြီ။ ထိုသူတို့သည် မိမိကိုယ်ကို ကြီးမားကျယ်ပြန့်သော

အသင်းတော်၏သင်းဝင်များကဲ့သို့ စဉ်စားဆင်ခြင်ကာ အပတ်တိုင်းတဖွဲ့ထဲရှိယုံကြည်သူတို့နှင့်အတူ အချင်းချင်းတို့အတွက် ပျင်းစရာကောင်းသောသူ တစ်စုံတစ်ယောက်မျှမရှိကြပါ။ အချို့သောသူတို့သည် မြို့တော်အသင်းတော်၏ယူဆချက်မှ စိတ်ကူးစိတ်သန့်ကောင်းစွာ ကိုယ်လုပ်ချင်သောအရာဟူသမျှကို လုပ်ဆောင်ရန်ဆင်ခြင်ပေးခြင်း အဖြစ်သို့ လှည့်ကုန်ကြပြီ။ ထိုသူတို့အတွက် မြို့တော်အသင်းတော်သည် အခြေခံအားဖြင့် ဆိုလိုရင်းအဓိပ္ပါယ်မရှိသောအသင်းတော်ဖြစ်သည်။

၅။ အသင်းတော်၏စည်းဝေးခြင်း အဝစားမိတ်ဆုံစားပွဲကဲ့သို့ ပွဲတော်မင်္ဂလာကို ဗဟို ပြု၍ ပါဝင်လုပ်ဆောင်ခြင်းအစည်းအဝေးက နောက်မှလိုက်တတ်သည်။ အတားတကွစားသောက် ခြင်းမိသားစုတို့က လုပ်ဆောင်သောအရာများထဲက တစ်ခုအပါအဝင်ဖြစ်သည်။ အသင်းတော် သာသည် မိသားစုကဲ့သို့ဖြစ်ပြီး အတူတကွစားသောက်ရမည်။ ပတ်သက်ဆက်နွယ်မှုအခြေ အနေကို ထိန်းချုပ်ထားခြင်းနှင့် အချင်းချင်းအကမ်းတဝင်သိခြင်းသည် လူအနည်းငယ်အားဖြင့် မိသားစုကဲ့သို့ဖြစ်သော အိမ်၌သာလျှင်အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့သည်။ အကယ်၍ လူအများတက်ရောက်ပါဝင်လျှင် အတွင်းကျရင်းနှီးခြင်းကွယ်ပျောက်သွားတတ်၏။

ငါသည် ဓမ္မပညာသင်ကျောင်း၌ နေစဉ်သင်းဝင်သူ လူဦးရေ ၁၄၀၀၀ လောက်ရှိသော အသင်းတော်တစ်ပါးတွင် အချိန်ပိုင်းအမှုထမ်းတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်၌ စားပွဲ၌ဆုဆုညံညံခိုက်ရန်ဖြစ်ပွားခြင်းနှင့် အတူအလွန်ကြီးမားကျယ်ပြန့်သော အဆောက်အအုံခန်းမကြီးတွင် ဗုဒ္ဓဟူးညနေတိုင်းမှာ အကျွန်ုပ်တို့သည် ညစာစားပွဲကို ကျင်းပ တတ်ကြ၏။ ငါသည် ရုံးဝန်ထမ်းတစ်ယောက်ဖြစ်နေတဲ့ကြားထဲမှာပင် ထိုလူများမှ ၉၀% ကို မသိခဲ့ပါ။ မိတ်ဆုံစားပွဲသည် စားသောက်ဆိုင်ကြီးမှာ စားခြင်းနှင့်အလွန်တူနေပါသည်။ ထိုအရာသည် ပုဂ္ဂိုလ်စွဲမရှိသောအရာနှင့် အဖွဲ့အစည်းနှင့်သက်ဆိုင်သောအရာဖြစ်သည်။ ကျယ်သောမြို့တော်၏ ပွဲတော်မင်္ဂလာဆင်ရင်ကျင်းပခြင်းသည် မည်ကဲ့သို့သောခြားနားချက် များ ရှိသနည်း။

၆။ သခင်ဘုရားနေ့၌အသင်းတော်စုရုံးခြင်း၏ အခြားသော ရောနှောပါဝင်သည့်အရာ သည် တစ်ဦးတစ်ယောက်က ဦးဆောင်သောအကျိုးဆောင်လုပ်ငန်းမဟုတ်သော ပါဝင်လုပ် ဆောင်ခြင်းအစည်းအဝေးဖြစ်သည်(၁ကော ၁၄)။ ပို၍ သေးငယ်သောစည်းဝေးခြင်းက ပါဝင် လုပ်ဆောင်ခြင်းအစည်းအဝေးကို သာ၍လွယ်ကူချောမွေ့စေပါသည်။ ပို၍ ကြီးမားသောစုရုံး ခြင်းသည် သင်ကြားပေးခြင်းအတွက်ပိုမို၍ သင့်လျှော်အဆင်ပြေပါသည်။ အကယ်၍ ညီအစ်ကို တစ်ဦးတစ်ယောက်ကို အရှိအတိုင်းအစည်းအဝေး၌ပြောဆိုခွင့်ပေးမယ်ဆိုရင် ကြီးမားသော အစည်းအဝေးထက် ပို၍သေးငယ်သောအစည်းအဝေးသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ အကယ်၍ အပတ်စဉ်သင်သည် ကိုယ်တော်ကိုယုံကြည်ခြင်းတစ်စုံတစ်ရာနှင့်အတူ စည်းဝေးရာ နေရာသို့ ရောက်လာလျှင် ဝေမျှဘို့ရှိလိမ့်မည်။ သက်သေခံဝေငှသောသူအများကြီးရှိသော ကြောင့် ဝေငှသက်သေခံခွင့်မရဘဲ တစ်ပတ်ပြီးတစ်ပတ်အိမ်သို့ပြန်သွားမယ်ဆိုရင် သင်၏အ စည်းအဝေးသည် ပို၍ကြီးလာလိမ့်မည်။ ကျယ်သောမြို့တော်အသင်းတော်သည် အရှိကိုအရှိ တိုင်း ထောင်နှင့်ချီပြီး တက်ရောက်သောလူများနှင့်အတူ (၁ကော ၁၄း၂၃) ရှိအစည်းအဝေးကို မည်ကဲ့သို့ ကိုင်တွယ်ရမည်နည်း။

၇။ ရှင်ယာကုသြဝါဒစာ ၅း၁၆ က “အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကို ဝန်ချတောင်းပန်ကြလော့” ဟုသင်ကြားပေးခဲ့သည်။ ဂလာတိ ၆း၁-၂ က “ညီအစကိုတို့ လူသည်သတ်လစ်၍ တစ်စုံတစ်ခုသောဒုစရိုက်ကို ပြုမိလျှင် ဝိညာဉ်ဆုကျေးဇူးကို ခံရသောသင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့် ကိုယ်တိုင်လွတ်မည်အကြောင်း ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သောသဘောနှင့် ထိုသို့သောသူကို မစ၍ သူ၏နေရာ၌တည်မြဲတည်စေ ပြန်ကြလော့။ ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ် တော်၏တရားကိုကျင့်ကြလော့” ဟုတောင်းဆိုခဲ့ပါသည်။ ဤကဲ့သို့သော်ပတ်သက်ဆက်နွယ်မှု အခြေအနေအားဖြင့် သူတို့သည် မိမိကိုယ်ကိုတာဝန်ရှိသောသူအဖြစ် ပြုလုပ်ကြသောကြောင့် ကနဦးအသင်းတော်၌ အတွင်းကျရင်းနီးမှုရှိ၏။ အလွန်ကြီးမားသောအသင်းတော်ရှိ လူစုလူဝေး ကြားထဲမှာ သင်သည်လွယ်ကူစွာ ပျောက်ကွယ်သွားနိုင်သည်။ သင်သည် ထိုနေရာ၌မရှိ မနေလျှင် လွဲမှားခြင်းနှင့်ကင်းလွတ်၏။ သင်၏ပေူကမ်းလျှုဒါန်းခြင်းသည် လန်ဒန်တံတား အောက်၌စီးဆင်းနေသော အနည်းငယ်သောရေနှင့်တူ၏။ အကယ်၍ သင်သည်အပြစ်လုပ်မိခဲ့ လျှင် သင်သည် ထိုအရာနှင့်အတူ ပို၍လွယ်ကူစွာ ထွက်ပြေးလွတ်မြောက်သွားနိုင်သည်။ အဘယ်ကြောင့်နည်းဟူမူကား သင်၏အသက်တာ၌မည်သည့်အရာသည် ဖြစ်ပျက်နေသလဲဆိုတာ အဘယ်ါသူကမျှမသိကြပါ။ ကြီးမားကျယ်ပြန့်သောအသင်းတော်သည် ပုဂ္ဂိုလ်စွဲမရှိသော အသင်းတော်ဖြစ်သည်။ သခင်ခရစ်တော်က “အကျွန်ုပ်တို့သည် နာခံခြင်းနှင့်သန့်ရှင်းခြင်းကို လက်တွေ့ကျင့်သုံးနေသော လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည်” ဟုရှင်းလင်းစွာ သင်ကြားပေး ခဲ့သည်။ နားမထောင်ခြင်းနှင့်ပတ်သက်၍ ခရစ်တော်၏တင်ပြချက်အကျဉ်းလုပ်နည်းအစဉ်ကို ရှင်မဿဲအခန်းကြီး ၁၈ တွင်ဖော်ပြထားပါသည်။ ဤဖြစ်ပျက်မှုသည် အိမ်အသင်းတော်တည်း ဟူသော အားလုံးအချင်းချင်းသိကြသောနေရာ၊ ပို၍သေးငယ်သောအသင်းအဖွဲ့၌ ကောင်းမွန်စွာ လုပ်ဆောင်လျက်ရှိတတ်၏။ သို့သော်လည်း များသထက်များ၍ ကျယ်သောမြို့တော်အသင်း တော်တည်းဟူသော ဒေသန္တရအသင်းတော်တစ်ပါးကဲ့သို့ အရွယ်ပမာဏ၌ လက်တွေ့မကျသော အရာကဲ့သို့ ကြီးထွားလာတတ်သည်။

၈။ ဓမ္မသစ်ကျမ်းစာသည် “အချင်းချင်း” ဟူသောအမိန့်ပေးစကားလုံးနှင့် ပြည့်နေ သည်။ ဤအရာအားလုံးက ပတ်သက်ဆက်နွယ်မှုအခြေအနေ၌ ရင်းနှီးမှုကို ကြိုတင်ယူဆ ထားခြင်းဖြစ်သည်။ “ညီအစ်ကို ချစ်ခြင်းအရာမှာ ပကတ်ပေါက်ဘော်ကဲ့သို့ တစ်ယောက်ကို တစ်ယောက် စုံမက်ကြလော့။ ချီးမွမ်းခြင်းအရာမှာ သူတစ်ပါးကို ကိုယ်တော်ချီးမြောက်ကြ လော့။ အချင်းချင်း စိတ်သဘောတညီတညွတ်တည်းရှိကြလော့။ အချင်းချင်း ချစ်ခြင်းမေတ္တာမှ တစ်ပါး အဘယ်ါအကြွေးကိုမျှ မတင်စေနှင့်။ တစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့၊ လက်ခံ ကြလော့။ အချင်းချင်း ဆုံးမသွန်သင်ကြလော့၊ ပြုစုစောင့်ရှောက်ကြလော့။ အချင်းချင်းချစ်၍ အမှုချင်းကို ဆောင်ရွက်ကြလော့။ ထမ်းရွက်စရာ ဝန်ချင်းကို အချင်းချင်းကူညီ၍ ထမ်းရွက် ကြလော့။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သည်းခံကြလော့။ အချင်းချင်းအပြစ်ခွင့် လွှတ်ခြင်း ရှိကြလော့။ ခရစ်တော်ကို ခန့်ညားသောအားဖြင့် အချင်းချင်း တစ်ယောက်အောက် တစ်ယောက်ကိုယ်ကို နှိမ့်ချကြလော့။ အချင်းချင်းတစ်ယောက်တစ်ယောက် သက်သာစေကြ လော့။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တိုက်တွန်းနှိုးဆော်ကြလော့။ တိုက်တွန်းနှိုး ဆော်ရသောအခွင့်ကိုရှာ၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ထောက်စာ ကြည့်ရှုကြကုန် အံ့” ဟုဖော်ပြထားပါသည် (ရော ၁၂း၁၀၊ ၁၆၊ ၁၃း၈၊ ၁၅း၇၊ ၁၅း၁၄၊ ၁ကော ၁၂း၂၅၊ ဂလာတိ ၅း၁၃၊ ၆း၂၊ ဧဖက် ၄း၂၊ ၃၂၊ ၅း၂၁၊

၁သက် ၄း၁၈၊ ဟေဗြဲ ၃း၁၃၊ ၁၀း၂၄)။ ထို အရာသည် ကျယ်သောမြို့တော်အသင်းတော်မဟုတ်ဘဲ အိမ်အသင်းတော်ဖြစ်သည်။ ထိုကြောင့် ဤအရာအတွက် အကောင်းဆုံးသော အစည်းအဝေးပြုလုပ်သည့် နေရာဖြစ်သည်။

၉။ အကယ်၍ တမန်တော်တို့က ရှင်လင်းစွာသင်ပေးခဲ့လျှင် အကျွန်ုပ်တို့သည် ဘာလုပ်ရမလဲဟူသော အရာနှင့်ပတ်သက်၍ ပြိုင်ဆိုင်ငြင်းဆိုစရာ ဘာမျှမရှိပါ။ အကယ်၍ တမန်တော်တို့သည် မတိကျလျှင် အဲဒီအချက်မှာ လွတ်လပ်မှုရှိသည်။ မြို့တော်အသင်းတော် ၏ ဘေးဥပဒ်အန္တရာယ်သည် ဓမ္မသစ်ကျမ်းစာက လုံးဝမသိခဲ့သော လိုက်နာစောင့်ထိန်းအပ် သော သဘာဝအတိုင်းမဟုတ်သော အဆောက်အအုံကို ပြုလုပ်ခြင်း၌ တည်ရှိလျက်နေ၏။

အကျည်းချုပ်

မြို့တော်အသင်းတော်သည် ရုပ်ဝတ္ထုပစ္စည်းမဟုတ်၊ စိတ်ထဲ၌သာသိအပ်သော စကြာ ဝဠာတစ်ခုလုံးနှင့်ဆိုင်သောအသင်းတော်၌ ပါဝင်ပြီးသားဖြစ်သည်။ ဖွဲ့စည်းထားသော ဒေသန္တရ အသင်းတော်၏ သင့်လျော်သောရှင်းလင်းတင်ပြချက်သည် အိမ်အသင်းတော်ဖြစ်သည်။ မြို့တော်အသင်းတော်မဟုတ်ပါ။ မြို့တော်အသင်းတော်သည် အမှန်ရှိနေသောအရာထက် ကိုယ် ဟန်အနေအထားဖြစ်သည်။ မြို့တော်အသင်းတော်၏ ဒဿနိဗေဒနှင့်ဆိုင်သော ယုံကြည်မှုသည် အခြားသောအသင်းတော်များနှင့်အတူ ဇဝ်ဂေလိ အကျိုးသက်ရောက်သောလုပ်ငန်း၊ ဆုတောင်း ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် သင်တန်းပေးခြင်း၊ ညီအစ်ကိုအပေါင်းတို့အားမေတ္တာထားခြင်း၊ အပြင်ဘက်၌ရှိသော ယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းကို စိတ်ပါဝင်စားခြင်းတို့၌ ပူးပေါင်းလုပ်ဆောင်ခြင်း ကိုယ်ဟန်အနေအထား၌ အဖြေထွက်သင့်သည်။ မြို့တော်အသင်း တော်ဆင်ခြင်စဉ်းစားခြင်းက အကျွန်ုပ်တို့အား ကွဲပြားခြားနားခြင်းကို အောင်နိုင်ဘို့နှင့် အကျွန်ုပ်တို့၏ မြို့ရှိအခြားသော ယုံကြည်သူတို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ဖန်တီးပေး ဘို့ရန် ကူညီမစခဲ့သည်။

အစမှာ ယုံကြည်သူလက်ခံကျင့်သုံးခဲ့သော ဤစာအုပ်ရှိ စိတ်ကူးအမြင်သည် သူတို့၏ ပထမဆုံးသောအိမ်အသင်းတော်ကို ထိန်းသိမ်းခြင်းနှင့် သူတို့၏ အချိန်ကာလနှင့် စတင်ခဲ့ခြင်း အပေါ်မှာပဲပင်ကိုယ် သဘောသဘာဝအလျောက် အလေးအနက်အာရုံစူးစိုက်ခဲ့သည်။ သို့သော် လည်း အကျွန်ုပ်တို့၏ အတွေးအခေါ်အယူအဆတို့သည် အောင်မြင်စွာတည်ထောင်ခဲ့ပြီးသော ပထမအသင်းတော်အပြီး၌ မရပ်သင့်ပါ။ ဝိုင်းပယ်သီးသန့်ခွဲခြားထားသော အိမ်အသင်းတော် တစ်ပါးတည်း၊ အဖော်မပါဘဲအားလုံးကုန်သော၊ အတွင်းဘက်သို့ ထိုးဝင်ရောက်သော၊ ဘုန်းကြီးကျောင်းနှင့်ဆိုင်သောအရာနှင့် မကျန်းမာသောအရာ အမြန်ဆုံးဖြစ်လာနိုင်သည်။ စကြာဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော်တည်ရှိခြင်း၏ သမ္မာတရားဆိုလိုရင်း အဓိပ္ပာယ်မှာ အားလုံးကို ခြုံငုံစွာစဉ်းစားဘို့နှင့် ဒေသတစ်ခုနှင့်သက်ဆိုင်စွာ လုပ်ဆောင်ရန် အမှန်တကယ် လိုအပ်ပါသည်။ နှုတ်တိုက်ချပေးသောမြို့တော်အသင်းတော်၏ ဒဿနိဗေဒဆန် သော လက်ခံခြင်းနှင့် ကိုက်ညီသင့်လျော်စွာအကျွန်ုပ်တို့က မြောက်မီးရထားစနစ်နှင့် သင့်လျော်စွာ စဉ်းစားပြီး၊ ဒေသတစ်ခုနှင့်သက်ဆိုင်အောင်လုပ်ရမည်။ အိမ်အသင်းတော်တစ်ခု တည်းနှင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝရှိပြီး၊ ဒေသန္တရအသင်း တော်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသော မြို့တော်အသင်းတော်အပေါ်မှာ အကျွန်ုပ်တို့၏ မြင်ကွင်းကို အလေးအနက်အာရုံစူးစိုက်သင့်ကြောင်း မြို့တော်အသင်းတော်၏ ဆင်ခြင်တွေး တောယူဆချက်က စိတ်ထဲတွင် မြင်စေပြီး အကြံပြုနေပါသည်။